ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၊ ( ၂၆ / ၂၀၂၆ )
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

## ကရင်နီတပ်ပေါင်းစုံစစ်ဘက်ဆိုင်ရာဥပဒေကို အတည်ပြုထုတ်ပြန်ခြင်း

ကရင်နီပြည် ကြားကာလလွှတ်တော်သည် ကရင်နီပြည်၊ ကြားကာလအစီအမံနှင့်အညီ ဤကရင်နီတပ်ပေါင်းစုံ စစ်ဘက်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## ကရင်နီတပ်ပေါင်းစုံစစ်ဘက်ဆိုင်ရာဥပဒေ

### အခန်း(၁)
### အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကရင်နီတပ်ပေါင်းစုံ စစ်ဘက်ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ကရင်နီပြည်တပ်၏ တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်သည့်အပြင် တန်းပြည့်စစ်မှုထမ်းချိန်တွင် ကရင်နီပြည်တပ်၏ ကွပ်ကဲမှုအောက်သို့ လိုက်ပါဆောင်ရွက်သည့် မည်သူနှင့်မဆို သက်ဆိုင်စေရမည်။

(ခ) ဤဥပဒေ အခန်း(၉)ပါ ပြဋ္ဌာန်းချက်များသည် ကရင်နီပြည်တွင် အခြေချတပ်စွဲသည့် တပ်များ၏တပ်ဖွဲ့ဝင်များ၊ ကရင်နီပြည်အတွင်း ရောက်ရှိနေသည့် မဟာမိတ်တပ်များ၏ တပ်ဖွဲ့ဝင်များနှင့်လည်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) ကာကွယ်ရေးဌာန ဆိုသည်မှာ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ကာကွယ်ရေးဌာနကို ဆိုသည်။

(ခ) စစ်ဦးစီးအဖွဲ့ ဆိုသည်မှာ ကရင်နီတပ်ပေါင်းစုံတပ်၏ စစ်ဦးစီးအဖွဲ့ (Joint Chiefs of Staff -JCS) ကို ဆိုသည်။

(ဂ) ကရင်နီပြည်တပ် ဆိုသည်မှာ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ကာကွယ်ရေးဌာန လက်အောက်ရှိ စစ်ဦးစီးအဖွဲ့အပါအဝင် ကရင်နီတပ်ပေါင်းစုံ (United Karenni State Army-UKSA) ကို ဆိုသည်။

(ဃ) စစ်ဘက် ဆိုသည်မှာ ကရင်နီပြည်၏ ကာကွယ်ရေး၊ စစ်ရေးနှင့် တပ်ရေးရာကိစ္စ တစ်ခုလုံး သို့တည်းမဟုတ် အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။

(င) စစ်မှုထမ်းချိန် ဆိုသည်မှာ ကရင်နီပြည်တပ်တွင် စစ်မှုထမ်းရန် လက်မှတ်ထိုးသည့် အချိန်မှစ၍ သတ်မှတ်ကာလအတွင်း သို့တည်းမဟုတ် အမြဲ စစ်မှုထမ်းနေခြင်းကို ဆိုသည်။

(စ) တန်းပြည့်စစ်မှုထမ်းချိန် ဆိုသည်မှာ ရန်သူနှင့် တိုက်ပွဲဆင်နွှဲနေသည့် တပ်ဖွဲ့တစ်ဖွဲ့တွင် တွဲဖက်ထားသောအချိန် သို့တည်းမဟုတ် တိုက်ပွဲဝင်နေသည့်အချိန် သို့တည်းမဟုတ် ရန်သူ၏နယ်မြေကို သိမ်းပိုက်ထိန်းသိမ်းထားသော တပ်ဖွဲ့များတွင် ပါဝင်နေသည့်အချိန် သို့တည်းမဟုတ် ကရင်နီပြည်တပ်ပေါင်းစုံ စစ်ဦးစီးအဖွဲ့၏ အမိန့်အရ ကရင်နီပြည်ပြင်ပ မဟာမိတ်တပ်ဖွဲ့တစ်ဖွဲ့နှင့် ပူးတွဲ၍ ရန်သူနှင့် တိုက်ပွဲဆင်နွှဲနေသည့် တပ်ဖွဲ့တစ်ဖွဲ့တွင် တွဲဖက်ထားသောအချိန် သို့တည်းမဟုတ် ပါဝင်နေသည့်အချိန်ကို ဆိုသည်။

(ဆ) စုံစမ်းစစ်ဆေးရေးခုံရုံး ဆိုသည်မှာ စုံစမ်းစစ်ဆေးရန် လိုအပ်သည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ သိလိုသော အကြောင်းအရာ၊ အချက်အလက်၊ သက်သေအထောက်အထား စသည်တို့ကို ပေါ်လွင်အောင် စုံစမ်းစစ်ဆေး ဖော်ထုတ် ရရှိရန် ဖွဲ့စည်းသည့်ခုံရုံးကို ဆိုသည်။

(ဇ) စစ်တရားရုံး ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးကို ဆိုသည်။

(ဈ) စစ်ဘက်အယူခံတရားရုံး ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် စစ်ဘက်အယူခံ တရားရုံးကို ဆိုသည်။

(ည) အရပ်ဘက်တရားရုံး ဆိုသည်မှာ ကရင်နီပြည်အတွင်းရှိ အရပ်ဘက်နှင့်သက်ဆိုင်သည့် အမှုများကို စစ်ဆေးစီရင်သော အရပ်ဘက်တရားရုံးကို ဆိုသည်။

(ဋ) စစ်ဘက်အချုပ် ဆိုသည်မှာ တပ်စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ တပ်ဖွဲ့ဝင် တစ်ဦးဦးအား ထိန်းသိမ်းထားသည့်နေရာကို ဆိုသည်။

(ဌ) စစ်ဘက်အကျဉ်းထောင် ဆိုသည်မှာ စစ်ဘက်ဆိုင်ရာအချုပ်သား၊ အကျဉ်းသားများကို ချုပ်နှောင်ရန် အလို့ငှာ စစ်ဦးစီးအဖွဲ့က ညွှန်ကြားချက်ဖြင့် ယာယီ သို့တည်းမဟုတ် အမြဲချုပ်နှောင်ထားသောနေရာကို ဆိုသည်။

(ဍ) တပ်မှူးဆိုသည်မှာ ကရင်နီပြည်တပ်၏ တပ်ဖွဲ့တစ်ခုခုကိုသော်လည်းကောင်း၊ ခွဲထုတ် တပ်တစ်ခုခုကိုသော်လည်းကောင်း ကွပ်ကဲနေသောအရာရှိ သို့တည်းမဟုတ် စစ်ဦးစီး ချုပ်က တပ်မှူးဟု သီးခြားသတ်မှတ်လိုက်သောအရာရှိ တစ်ဦးဦးကိုဆိုသည်။

(ဃ) တပ်ထိန်းဆိုသည်မှာ တပ်မဟာ၊ ဗျူဟာ၊ တပ်ရင်း၊ တပ်ခွဲ အသီးသီးရှိ တပ်စည်းကမ်း ထိန်းသိမ်းရေးအရာရှိများကိုဆိုသည်။

(ဏ) တပ်ဖွဲ့ဝင် ဆိုသည်မှာ ကရင်နီတပ်ပေါင်းစုံ စစ်ဦးစီးအဖွဲ့၏ ဦးစီးကွပ်ကဲသည့် တပ်များ အောက်တွင် ပါဝင်သော တပ်သားများနှင့် အရာရှိများအားလုံးကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကရင်နီပြည်အတွင်းရှိ တပ်ပေါင်းစုံအား စနစ်တကျ ပေါင်းစည်း၍ တပ်တစ်တပ်တည်း အဖြစ် ဖွဲ့စည်းတည်ထောင်နိုင်ရန်၊

(ခ) ကရင်နီပြည်တပ်၏တပ်ဖွဲ့ဝင်များ အပါအဝင် ကရင်နီပြည်တွင် အခြေချတပ်စွဲသည့် တပ်များ၏တပ်ဖွဲ့ဝင်များနှင့် ကရင်နီပြည်အတွင်း ရောက်ရှိနေသည့် မဟာမိတ် တပ်များ၏ တပ်ဖွဲ့ဝင်များသည် စစ်ဥပဒေတစ်ရပ်တည်းကို လိုက်နာကျင့်သုံးရန်၊

(ဂ) တပ်ဖွဲ့ဝင်များ၏ စစ်စည်းကမ်း၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်လိုက်နာမှုနှင့် အမိန့်နာခံမှု အားကောင်းလာစေရန်၊

(ဃ) ပြည်သူလူထုကိုလည်းကောင်း၊ ကရင်နီပြည်ကိုလည်းကောင်း၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကိုလည်းကောင်း ကာကွယ်စောင့်ရှောက်သည့် စွမ်းဆောင်ရည်မြင့်မား ပြည့်ဝသော ပရော်ဖက်ရှင်နယ်တပ်(Professional Army) ဖြစ်လာစေရန်။

## အခန်း(၃)
## စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ

၅။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးသည်-

(က) အရပ်သားပြည်သူများအား ခြိမ်းခြောက်ခြင်း၊ ကိုယ်အမူအရာနှုတ်အမူအရာဖြင့် မောက်မာရိုင်းပြခြင်း၊ နှိပ်စက်ခြင်း မပြုရ၊

(ခ) အမျိုးသမီးများ၊ ကလေးသူငယ်များ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများအပေါ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း မပြုရ၊

(ဂ) သက်ကြီးရွယ်အို၊ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများအပြင် အခြားထိလွယ်ရှလွယ်သော အုပ်စုများအား အထူးကာကွယ်စောင့်ရှောက်ပြီး လိုအပ်သော အကူအညီများ ပေးရမည်။

၆။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် သံတမန်များအပေါ် အောက်ပါအတိုင်း ပြုမူဆက်ဆံရမည်-

(က) အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းကြီးနှင့် အခြားသော ကြားနေလူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများမှ ပို့ဆောင်ပေးသည့် အဝတ်အထည်၊ အစားအသောက်၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာပံ့ပိုးမှုများနှင့် ဆေးဝါးများကို လွတ်လပ်စွာဖြတ်သန်းခွင့်ပေးရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ အဖွဲ့များ၏ လုံခြုံရေးအား ကာကွယ်ပေးရမည်၊

(ဂ) ပဋိပက္ခဖြစ်ပွားနေသောနယ်မြေများအတွင်း ပုဒ်မခွဲ(က)ပါ အဖွဲ့များ၏ ဆောင်ရွက်ချက်များကို ခွင့်ပြုပေးရမည်။

၇။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးသည် ဖမ်းဆီးရမိထားသည့် စစ်သုံ့ပန်းများအပေါ် အောက်ပါအတိုင်း ပြုမူဆက်ဆံရမည်-

(က) ဂျီနီဗာကွန်ဗန်းရှင်း(Geneva Convention)ပါ ပြဋ္ဌာန်းချက်များအရ လူ့ဂုဏ်သိက္ခာနှင့်အညီ ပြုမူဆက်ဆံရမည်၊

(ခ) နှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းကို ရှောင်ကျဉ်ရမည်၊

(ဂ) မိသားစုများထံ အသိပေးအကြောင်းကြားခြင်း၊ အစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ပြုရမည်။

ရှင်းလင်းချက်။ စစ်သုံ့ပန်းဆိုသည်မှာ စစ်ပွဲအတွင်းဖမ်းဆီးရမိသည့် ရန်သူ့တပ်ဖွဲ့ဝင်များနှင့် ရန်သူ့တပ်ဖွဲ့တွင် ပါဝင်ဆောင်ရွက်သူများကို ဆိုသည်။

၈။ ဤဥပဒေကိုလိုက်နာရသည့် ဆေးဘက်ဆိုင်ရာတပ်ဖွဲ့ဝင်တစ်ဦးဦးသည်-

(က) တိုက်ခိုက်ရေးတွင် ပါဝင်ခွင့်မရှိဘဲ ဆေးကုသရေးလုပ်ငန်းကိုသာ ဆောင်ရွက်ရမည်၊

(ခ) မိမိတပ်ဖွဲ့ဝင်ဖြစ်စေ၊ ရန်သူ့တပ်ဖွဲ့ဝင်ဖြစ်စေ ခွဲခြားခြင်းမပြုဘဲ ဒဏ်ရာရသူနှင့် ဆေးကုသရန်လိုအပ်သူများအား ဒဏ်ရာအဆင့်အလိုက် ဦးစားပေး ကုသပေးရမည်၊

(ဂ) မိမိအကျိုး၊ စစ်ရေးအကျိုးထက် လူနာ၏အသက်နှင့်ကျန်းမာရေးကို ဦးစားပေးရမည်၊

(ဃ) လူနာများအပေါ် ထပ်ဆင့်ထိခိုက်မှု ဖြစ်စေနိုင်သော လုပ်ရပ်များ မပြုလုပ်ရ၊

(င) လူနာ၏ ဆေးမှတ်တမ်း၊ အခြေအနေများကို မလိုအပ်ဘဲ မဖော်ပြရ သို့တည်းမဟုတ် စစ်ရေးအတွက် အသုံးချရန် မဖြစ်စေရ။

## အခန်း(၄)
## ကရင်နီပြည်တပ် ဖွဲ့စည်းခြင်း

၉။ ကရင်နီပြည်တပ်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ကြားကာလအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအား စစ်သေနာပတိချုပ်အဖြစ် ထားရှိရမည်၊

(ခ) ကရင်နီပြည်တပ်သည် ကာကွယ်ရေးဌာန၏ ကြီးကြပ်မှုအောက်တွင် တည်ရှိသည်၊

(ဂ) ကရင်နီပြည်တပ်ကို ကရင်နီတပ်ပေါင်းစုံ စစ်ဦးစီးအဖွဲ့ (JCS)တွင် ပါဝင်သည့် တပ်ဖွဲ့ဝင်များဖြင့် စတင်စုဖွဲ့သည်၊

(ဃ) ကရင်နီပြည်တပ်၏ အနည်းဆုံးတပ်အင်အားကို ကရင်နီပြည်အတွင်းရှိ အသက်(၁၈) နှစ်ပြည့်ပြီးသော စုစုပေါင်းလူဦးရေ၏ (၄)ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းရမည်။ သို့ရာတွင် ပြည်သူ့ကာကွယ်ရေးအတွက် လိုအပ်ပါက (၁၀)ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၁၀။ စစ်ဦးစီးအဖွဲ့သည် ကာကွယ်ရေးဌာနနှင့် ညှိနှိုင်း၍ စစ်ဒေသ(တပ်မဟာ)များကို ဖွဲ့စည်းရမည်။

၁၁။ စစ်ဦးစီးအဖွဲ့သည် ကာကွယ်ရေးဌာနနှင့် ညှိနှိုင်း၍ ကရင်နီပြည်တပ်အား အောက်ပါ တပ်အမျိုးအစားများဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး လိုအပ်ပါက အခြားသောတပ်များကို တိုးချဲ့ဖွဲ့စည်းနိုင်သည်-

(က) တိုက်ခိုက်ရေး/ ချေမှုန်းရေးတပ်၊

(ခ) ဗဟိုလုံခြုံရေးတပ်၊

(ဂ) ဒရုန်းတပ်၊

(ဃ) လက်နက်ကြီးတပ်၊

(င) ထောက်လှမ်းရေးနှင့် ဆက်သွယ်ရေးတပ်၊

(စ) အင်ဂျင်နီယာနှင့် ထုတ်လုပ်ရေးတပ်။

၁၂။ ကရင်နီပြည်တပ်၏ တပ်ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အင်အားများကို ကာကွယ်ရေးဌာန၏ အမိန့်၊ ညွှန်ကြားချက်ဖြင့် ဖွဲ့စည်းရမည်။

## အခန်း(၅)
## စစ်အဂ္ဂါစဉ်နှင့် ရာထူးသတ်မှတ်ချက်များ

၁၃။ ကရင်နီပြည်တပ်၏ စစ်အဂ္ဂါစဉ်မှာအောက်ပါအတိုင်းဖြစ်သည်-

| အဂ္ဂါစဉ် | တာဝန် |
|---|---|
| ၁ | စစ်သေနာပတိချုပ် |
| ၂ | ဌာနမှူးကြီး(ကာကွယ်ရေးဌာန) |
| ၃ | ဒုတိယဌာနမှူးများ (ကာကွယ်ရေးဌာန) |
| ၄ | စစ်ဦးစီးချုပ် |
| ၅ | ဒုတိယစစ်ဦးစီးချုပ် |
| | စစ်ရေးချုပ် |
| | စစ်ထောက်ချုပ် |
| | ဒုတိယစစ်ရေးချုပ် |
| | ဒုတိယစစ်ထောက်ချုပ် |
| ၆ | စစ်ဥပဒေချုပ် |
| | ဒုတိယစစ်ဥပဒေချုပ် |
| ၇ | ဗဟိုဘဏ္ဍာရေးဌာနမှူး/ ဘဏ္ဍာရေးဌာနညွှန်ကြားရေးမှူး |
| | စစ်ရုံးချုပ်ညွှန်ကြားရေးမှူး |
| | ဆေးဘက်ဆိုင်ရာညွှန်ကြားရေးမှူး(ကျန်းမာရေးဌာနမှူး) |
| | သုတေသနနှင့် ထုတ်လုပ်ရေးဌာန ညွှန်ကြားရေးမှူး |
| | တပ်မဟာမှူး |
| | ဗျူဟာမှူး |
| | စစ်နည်းဗျူဟာမှူး |
| ၈ | တပ်ရင်းမှူး |
| | ဒုတိယတပ်ရင်းမှူး |
| | စစ်ဥပဒေအရာရှိ |
| | ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေး/ ညွှန်ကြားရေးမှူး |
| | သတင်းနှင့် ပြန်ကြားရေးဌာနမှူး |

| | |
|---|---|
| | ဌာနချုပ်ရုံး ရုံးအုပ်ကြီး |
| | စစ်ရုံးချုပ်(စီမံဌာနခွဲ) ဦးစီးမှူး |

| | |
|---|---|
| ၉ | စစ်ရုံးချုပ်(ဗျူဟာဌာနခွဲ) ဦးစီးမှူး |
| ၁၀ | ဗျူဟာရုံးဦးစီး |
| | ဗျူဟာထောက်ပို့မှူး |
| ၁၁ | တပ်ရင်းတပ်ထိန်း |
| ၁၂ | ဒရုန်းဌာနခွဲအရာရှိ |
| | မိုင်းဌာနခွဲအရာရှိ |
| | ထုတ်လုပ်ရေးဌာနခွဲအရာရှိ |
| | တပ်ရင်းရုံး - ရုံးအုပ်ကြီး |
| | တပ်ရင်းထောက်/ပို့ အရာရှိ |
| | တပ်ရင်းဆေးမှူးအရာရှိ |
| | တပ်ခွဲမှူး |
| | အခြားဌာနခွဲ အရာရှိများ |
| | တပ်ခွဲရုံး - ရုံးအုပ် |
| ၁၃ | တပ်စုမှူး |
| ၁၄ | တပ်စိပ်မှူး |
| ၁၅ | တပ်သား |

၁၄။ ကရင်နီပြည်တပ်၏ ရာထူးအဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြန်တမ်းဝင်အဆင့်

( ၁ ) ဗိုလ်ချုပ် ( Major General )

( ၂ ) ဗိုလ်မှူးချုပ် ( Brigadier General )

( ၃ ) ဗိုလ်မှူးကြီး ( Colonel )

( ၄ ) ဒုတိယဗိုလ်မှူးကြီး ( Lieutenant Colonel )

( ၅ ) ဗိုလ်မှူး ( Major )

(၆) ဗိုလ်ကြီး ( Captain )
(၇) ဗိုလ် ( Lieutenant )
(၈) ဒုတိယဗိုလ် ( Second Lieutenant )

(ခ) ပြန်တမ်းဝင် မဟုတ်သူများ

(၁) အရာခံဗိုလ် (Warrant Officer I)
(၂) တပ်ကြပ်ကြီး (Sergeant)
(၃) တပ်ကြပ် (Corporal)
(၄) တပ်သား (Private)

**အခန်း(၆)**

**တပ်ဖွဲ့ဝင်များ စုဆောင်းခြင်း၊ ဝင်ခွင့်ပြုခြင်း၊**

**စာရင်းသွင်းခြင်းနှင့် ကတိသစ္စာပြုခြင်း**

၁၅။ ကရင်နီပြည်တပ်သည်-

(က) အသက်(၁၈)နှစ်ပြည့်ပြီး ကျန်းမာရေးကောင်းမွန်သူများကို တပ်ဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် စည်းရုံးခြင်း ပြုလုပ်နိုင်သည်၊

(ခ) စစ်ဦးစီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စစ်ရေးချုပ်ရုံးမှ ဖွင့်လှစ်ထားသော တပ်ဖွဲ့ဝင် စုဆောင်းရေး စခန်းများ၊ ရုံးများမှတဆင့် တပ်ဖွဲ့ဝင်သစ်များ စုဆောင်းနိုင်သည်၊

(ဂ) တပ်ဖွဲ့ဝင်သစ်များ စုဆောင်းရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်ထက်ကျော်လွန်၍ အတင်းအဓမ္မ စုဆောင်းခြင်းမပြုရ။

၁၆။ ကရင်နီပြည်တပ်သည် အောက်ပါပုဂ္ဂိုလ်များအား တပ်ဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုနိုင်သည်-

(က) သတ်မှတ်ထားသည့်အရည်အချင်းနှင့်ပြည့်စုံပြီး ၎င်း၏ဆန္ဒအလျောက် ကရင်နီပြည်တပ်တွင် စစ်မှုထမ်းဆောင်ရန် လျှောက်ထားလာသူ၊

(ခ) တပ်ဖွဲ့ဝင်စုဆောင်းရေးစခန်းများ၊ ရုံးများမှတဆင့် တပ်ဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုရန် လျှောက်ထားလာသူ။

၁၇။ ကရင်နီပြည်တပ်၏ တပ်ဖွဲ့ဝင်အဖြစ် စာရင်းသွင်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကရင်နီပြည်တပ်၏ တပ်ဖွဲ့ဝင်လိုသူကို သက်ဆိုင်ရာ တာဝန်ရှိသူက လိုက်နာရမည့် စည်းကမ်းချက်များနှင့် ဤဥပဒေအား ဖတ်ပြပြီး ရှင်းပြရမည့်အပြင် တပ်ဖွဲ့ဝင်လျှောက်ထားလွှာတွင် ပါရှိသည့် မေးခွန်းများကို ထိုသူကို မေးမြန်းရမည်၊

(ခ) တပ်ဖွဲ့ဝင်အဖြစ် လျှောက်ထားသူသည် လိုက်နာရမည့် စည်းကမ်းချက်များ၊ စစ်ဘက်ဆိုင်ရာဥပဒေအား နားလည်ပြီး လိုက်နာမည်ဟု သဘောတူသည့်အခါ အဖွဲ့ဝင်လျှောက်ထားလွှာ အချက်အလက်များကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြင့်ဖြစ်စေ ဖြည့်စေပြီး လက်မှတ်ရေးထိုးရမည်။ ယင်းသို့ လက်မှတ်ရေးထိုးပြီးဖြစ်လျှင် ထိုသူကို တပ်ဖွဲ့ဝင်အဖြစ် စာရင်းသွင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ဂ) တပ်ဖွဲ့ဝင်အဖြစ်စာရင်းသွင်းပြီးသူများ၏ လျှောက်ထားလွှာနှင့် စာရင်းကို စစ်ရေးချုပ်ရုံး(စီမံဌာနခွဲ)သို့ ပေးပို့ရမည်၊

(ဃ) သတ်မှတ်ထားသည့် အခြေခံစစ်သင်တန်းပြီးမြောက်သူများ၏ လျှောက်ထားလွှာနှင့် စာရင်းများကို စိစစ်ပြီးနောက် စစ်ရေးချုပ်ရုံး(စီမံဌာနခွဲ)က ကိုယ်ပိုင်အမှတ် သတ်မှတ်ပေး၍ သက်ဆိုင်ရာတပ်ရင်း၊ ဌာနများသို့ အတည်ပြုချက် ပေးပို့ရမည်။

ခြွင်းချက်။ အထူးတပ်ဖွဲ့ဝင်များအား ကိုယ်ပိုင်အမှတ်သတ်မှတ်ပေးရာတွင် ပုဒ်မခွဲ (ဃ)နှင့် ညီညွတ်ရန်မလို။

၁၈။ ကရင်နီပြည်တပ်သည် အောက်ပါပုဂ္ဂိုလ်များအား တပ်ဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုခြင်း၊ စာရင်းသွင်းခြင်းမပြုရ-

(က) ကရင်နီပြည်တပ်၏ တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခံရသူများ၊

(ခ) မဟာမိတ်အဖွဲ့အစည်း တစ်ခုခု၏ တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခံရသူများ၊

(ဂ) လုံလောက်သည့်အကြောင်းမရှိဘဲ အဖွဲ့အစည်း တစ်ခုပြီးတစ်ခု ကူးပြောင်းသူများ၊

(ဃ) ကျင့်ဝတ်ပျက်ပြားသည်ဟု ကျော်စောသတင်းရှိသူများ၊

(င) အသက်(၁၈)နှစ်မပြည့်သေးသောသူများ၊

(စ) စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းသူများ (စိတ်ပေါ့သွပ်သူများ)၊

(ဆ) စစ်ဦးစီးအဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် သတ်မှတ်ချက်များနှင့် မပြည့်စုံသူများ။

၁၉။ ကရင်နီပြည်တပ်၏ တပ်ဖွဲ့ဝင်များသည် သတ်မှတ်ထားသော သင်တန်းကာလ ပြီးမြောက်သည့်အခါ သက်ဆိုင်ရာ ဌာနအကြီးအမှူး သို့တည်းမဟုတ် တပ်မှူးနှင့် ဌာနအဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင် များ ရှေ့မှောက်တွင် စစ်ဦးစီးအဖွဲ့ကချမှတ်သည့် ကတိသစ္စာပြုရမည်။ သို့ရာတွင် အထူးတပ်ဖွဲ့ဝင် များ ကတိသစ္စာပြုခြင်းကို သီးခြားဆောင်ရွက်နိုင်သည်။

ရှင်းလင်းချက်။ အထူးတပ်ဖွဲ့ဝင်ဆိုသည်မှာ အခြေခံစစ်သင်တန်း တက်ရောက်ရန် မလိုသည့် သို့တည်းမဟုတ် တက်ရောက်ရန်မဖြစ်နိုင်သည့် အထူးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များကိုဆိုသည်။

## အခန်း(၇)
## ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ရာထူးလျှော့ချခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် ထုတ်ပစ်ခြင်း

၂၀။ ကရင်နီပြည်တပ်၏ တပ်ဖွဲ့ဝင်များအား ခန့်အပ်ရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) စစ်သေနာပတိချုပ်သည် စစ်ဦးစီးအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ စစ်ဦးစီးအဖွဲ့ဝင်များအား ခန့်အပ်ရမည်၊

(ခ) စစ်ဦးစီးချုပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် မဆန့်ကျင်စေဘဲ ပြန်တမ်းဝင် အရာရှိတစ်ဦးဦးအား ခန့်အပ်ရမည်၊

(ဂ) စစ်ရေးချုပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် မဆန့်ကျင်စေဘဲ ပြန်တမ်းဝင်အရာရှိမဟုတ်သူ သို့တည်းမဟုတ် အခြားအဆင့်တစ်ဦးဦးအား ခန့်အပ်ရမည်။

၂၁။ စစ်ရေးချုပ်သည် စစ်ဦးစီးအဖွဲ့၏သဘောထားမှတ်ချက်ဖြင့် တပ်ဖွဲ့ဝင်တစ်ဦးဦးအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် မဆန့်ကျင်ဘဲ ရာထူးအဆင့် တိုးမြှင့်နိုင်သည် သို့တည်းမဟုတ် ရာထူးအဆင့် လျှော့ချနိုင်သည်။

၂၂။ စစ်ရေးချုပ်သည်-

(က) ကရင်နီပြည်တပ်၏ ပြန်တမ်းဝင်အဆင့် အရာရှိများကို ပြောင်းရွှေ့တာဝန်ချရာတွင် စစ်ဦးစီးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) ကရင်နီပြည်တပ်၏ ပြန်တမ်းဝင်မဟုတ်သူများကို ပြောင်းရွှေ့တာဝန်ချရာတွင် ထိုတပ်ရင်း၏ တပ်ရင်းမှူးနှင့်ညှိနှိုင်းပြီး ဆောင်ရွက်နိုင်သည်။

၂၃။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးသည် ဂုဏ်သိက္ခာရှိစွာ အငြိမ်းစားယူပိုင်ခွင့်နှင့် သတ်မှတ်ထားသည့် ထောက်ပံ့စောင့်ရှောက်မှုများ ခံစားခွင့်ရှိသည်။

၂၄။ ပုဒ်မ ၂၃ အရ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးအား အငြိမ်းစားယူခွင့်ပေးသည့်အခါ အငြိမ်းစားယူရသည့် အကြောင်းအရင်း၊ တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်ကာလတို့ကို ဖော်ပြထားသော အငြိမ်းစားယူခွင့်လက်မှတ်ကို ထုတ်ပေးရမည်။

၂၅။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးအား ထုတ်ပယ်ခြင်း သို့တည်းမဟုတ် ထုတ်ပစ်ခြင်း ပြုလုပ်ရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) စစ်ဦးစီးအဖွဲ့ဝင်တစ်ဦးဦးကို ကရင်နီတပ်ပေါင်းစုံ စစ်ဦးစီးအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ အခန်း(၃)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(င)နှင့် မဆန့်ကျင်စေဘဲ ရာထူးမှ ထုတ်ပယ်ခြင်း ပြုလုပ်နိုင်သည်၊

(ခ) စစ်ဦးစီးချုပ်သည် စစ်ဦးစီးအဖွဲ့၏သဘောထားမှတ်ချက်ဖြင့် ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် မဆန့်ကျင်စေဘဲ ရာထူးမှ ထုတ်ပယ်ခြင်း ပြုလုပ်နိုင်သည်၊

(ဂ) ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးအား စစ်တရားရုံး တစ်ရုံးရုံးက ပြစ်မှုထင်ရှားစီရင်သည့်အပြင်ရှုတ်ချ၍ တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့်ပြစ်ဒဏ်ချမှတ်ခဲ့လျှင် သို့တည်းမဟုတ် ယင်းပြစ်ဒဏ်အား စစ်ဘက်အယူခံတရားရုံးက ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းမပြုလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယင်းတပ်ဖွဲ့ဝင်ကို အမည်ပျက်စာရင်းသွင်းပြီး သက်ဆိုင်ရာတပ်မှ ထုတ်ပစ်ရမည်။

၂၆။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးသည် ခွင့်ပြုမိန့်မရှိဘဲ မိမိ၏သဘောဆန္ဒဖြင့်-

(က) ကရင်နီပြည်တပ်မဟုတ်သည့် အခြားသောအဖွဲ့အစည်း၊ တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနများသို့ ကူးပြောင်းသွားလျှင် စစ်ရေးချုပ်သည် ယင်းတပ်ဖွဲ့ဝင်ကို အမည်ပျက်စာရင်းသွင်းပြီး ထုတ်ပစ်ရမည့်အပြင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူရမည်၊

(ခ) ကရင်နီပြည်တပ်၏ တပ်ရင်း၊ တပ်ဖွဲ့နှင့် ဌာနတစ်ခုခုသို့ ကူးပြောင်းလျှင် သက်ဆိုင်ရာ တပ်ရင်းမှူးသည် ယင်းတပ်ဖွဲ့ဝင်ကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူရမည်။

## ခန်း(၈)
## ခွင့်ခံစားခွင့်များ

၂၇။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးသည် အောက်ပါခွင့်အမျိုးအစားများကို ခံစားခွင့်ရှိသည်-

(က) ရှောင်တခင်ခွင့်၊

(ခ) လုပ်သက်ခွင့်၊

(ဂ) ဆေးလက်မှတ်ခွင့်၊

(ဃ) မီးဖွားခွင့်၊

(င) မီးဖွားချိန်ဇနီးနှင့် ကလေးသူငယ်ပြုစုစောင့်ရှောက်ခွင့်၊

(စ) အထူးခွင့်။

၂၈။ ရှောင်တခင်ခွင့်သည် ရုတ်တရက် နာမကျန်းဖြစ်ခြင်းကြောင့်လည်းကောင်း၊ မလွဲမရှောင်သာသော ကိုယ်ရေးကိုယ်တာ ကိစ္စများအတွက်လည်းကောင်း ဤဥပဒေကိုလိုက်နာရသူ တစ်ဦးဦးအား တာဝန်ဝတ္တရား ထမ်းရွက်ခြင်းမှ ခွင့်ပေးခြင်းဖြစ်သည်။ ရှောင်တခင်ခွင့်ကို သာမန်အားဖြင့် တစ်ကြိမ်လျှင် ၃ ရက်ထက် မပိုဘဲ ပြက္ခဒိန်တစ်နှစ်အတွင်း ရက်ပေါင်း ၁၀ ရက်အထိ ခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ဖြင့် ပေးနိုင်သည်။ ရှောင်တခင်ခွင့်ရက်များကို တာဝန်ထမ်းရွက်နေချိန်ဟု သတ်မှတ်သည်။ ထိုခွင့်မျိုးကို အခြားမည်သည့်ခွင့်အမျိုးအစားနှင့်မျှ ပေါင်းစပ်၍ မရယူနိုင်။

၂၉။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးသည် တာဝန်ထမ်းဆောင်ချိန်ကာလ (၁)နှစ် ပြည့်ပါက လုပ်သက်ခွင့် ရက်ပေါင်း(၃၀)အထိ ခံစားခွင့်ရှိသည်။ အဆိုပါခွင့်ရက်များကို အများဆုံး ရက်ပေါင်း (၆၀) ထိ စုပေါင်းထားနိုင်သည်။

၃၀။ ဆေးလက်မှတ်ခွင့်သည် တာဝန်ထမ်းဆောင်သည့်ကာလကို အခြေမခံဘဲ လုပ်သက်နှုန်းမရွေး ခွင့်ပြုနိုင်သည်။ ထိုခွင့်မျိုးကို သတ်မှတ်ထားသည့် ဆရာဝန် သို့တည်းမဟုတ် ဆေးအဖွဲ့၏ ထောက်ခံချက်ကို တင်ပြမှသာ ခွင့်ပြုရမည်။ တစ်ကြိမ်လျှင် မည်မျှခွင့်ပြုရမည်ဟု သတ်မှတ်ချက် မရှိသော်လည်း ဆေးလက်မှတ်၌ ဆရာဝန် ထောက်ခံထားသည့်ကာလအထိ ခွင့်ပေးနိုင်သည်။

၃၁။ ဤဥပဒေကိုလိုက်နာရသူ အိမ်ထောင်သည် အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦးသည် မီးဖွားခွင့်အဖြစ် စုစုပေါင်း ရက် ၉၀ ခံစား ခွင့်ရှိသည်။ မီးဖွားခွင့် ယူပြီးနောက် မိခင်ဖြစ်စေ ကလေးဖြစ်စေ မကျန်းမာလျှင် သတ်မှတ်ထားသည့် ဆရာဝန် သို့တည်းမဟုတ် ဆေးအဖွဲ့၏ထောက်ခံချက်ဖြင့် ရှောင်တခင်ခွင့်မှအပ အခြားသောခွင့် အမျိုးအစားများကို ဆက်လက်ယူနိုင်ခွင့်ရှိသည်။

၃၂။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦး၏ ဇနီးသည် မီးဖွားလျှင် ခင်ပွန်းဖြစ်သူကို ဇနီးနှင့်ကလေး ပြုစု စောင့်ရှောက်နိုင်ရန် ရက် ၃၀ ထိ ခွင့်ပြုနိုင်သည်။

၃၃။ အထူးခွင့်သည် အခြားခွင့်အမျိုးအစားများနှင့် ခွင့်မပြုနိုင်သည့်အခါ ခွင့်တင်ပြတောင်းခံရသည့် အကြောင်းပြချက်နှင့် သက်ဆိုင်ရာတပ်မှူး သို့တည်းမဟုတ် ဌာနမှူးများ၏ ထောက်ခံချက် အပေါ်မူတည်၍ ခွင့်ပြုနိုင်သည်။

၃၄။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးသည် ခွင့်ကို မိမိရရှိသည့်အခွင့်အရေးတစ်ရပ်အနေဖြင့် တောင်းဆိုနိုင်ခွင့် မရှိ။ သက်ဆိုင်ရာ ခွင့်ပေးပိုင်ခွင့်ရှိသူက ခွင့်ပေးမှသာလျှင် ခွင့်ခံစားနိုင် သည်။

၃၅။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးသည် ဆေးလက်မှတ်ခွင့်နှင့် မီးဖွားခွင့်မှအပ မည်သည့် ခွင့်ကို ခံစားနေစေကာမူ အရေးကြီးသော တာဝန်ဝတ္တရား ထမ်းဆောင်ရန် လိုအပ်လျှင် မူလ ခွင့်ပေးလိုက်သည့် အာဏာပိုင်က ပြန်လည်ခေါ်ယူနိုင်သည်။ ဤကဲ့သို့ ခွင့်မှ ပြန်လည်ခေါ်ယူ သဖြင့် မခံစားလိုက်ရဘဲ ကျန်ရှိနေသောခွင့်ရက်များကို ခွင့်အဖြစ်မှ ပယ်ဖျက်ရမည်။

၃၆။ ဒုတိယတပ်ရင်းမှူးအောက် တပ်ဖွဲ့ဝင်များ ခွင့်ရယူလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက် ရမည်-

(က) မည်သည့်ခွင့်အမျိုးအစားကိုမဆို သက်ဆိုင်ရာတပ်ဖွဲ့၏ တပ်ထိန်းထံ တင်ပြရမည်၊

(ခ) တပ်ထိန်းသည် တပ်ဖွဲ့၏ လိုအပ်ချက်နှင့် စစ်ရေးအခြေအနေကို စိစစ်၍ ၎င်း၏ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ တပ်ရင်းမှူးထံ တင်ပြရမည်၊

(ဂ) သက်ဆိုင်ရာ တပ်ရင်းမှူးသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်အမျိုးအစား အားလုံးကို ခွင့်ပြုနိုင်သည်။ ယင်းခွင့်ပြုပေးထားသည့် ခွင့်မှတ်တမ်းများအား စစ်ရေး ချုပ်ရုံးသို့ ပေးပို့ရမည်။

၃၇။ ဒုတိယတပ်ရင်းမှူးနှင့် တပ်ရင်းမှူး ခွင့်ရယူလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မည်သည့်ခွင့်အမျိုးအစားကိုမဆို သက်ဆိုင်ရာ နည်းဗျူဟာမှူးထံ တင်ပြရမည်၊

(ခ) နည်းဗျူဟာမှူးသည် တပ်ဖွဲ့၏ လိုအပ်ချက်နှင့် စစ်ရေးအခြေအနေကို စိစစ်၍ ၎င်း၏ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ ဗျူဟာမှူးထံ တင်ပြရမည်၊

(ဂ) သက်ဆိုင်ရာ ဗျူဟာမှူး သို့မဟုတ် တပ်မဟာမှူးသည် ဤဥပဒေပါပြဋ္ဌာန်းချက်များ နှင့်အညီ ခွင့်အမျိုးအစားအားလုံးကို ခွင့်ပြုနိုင်သည်။ ယင်းခွင့်ပြုပေးထားသည့် ခွင့်မှတ်တမ်းများအား စစ်ရေးချုပ်ရုံးသို့ ပေးပို့ရမည်။

၃၈။ နည်းဗျူဟာမှူး ခွင့်ရယူလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မည်သည့်ခွင့်အမျိုးအစားကိုမဆို သက်ဆိုင်ရာ ဗျူဟာမှူးထံ တင်ပြရမည်၊

(ခ) ဗျူဟာမှူးသည် တပ်ဖွဲ့၏ လိုအပ်ချက်နှင့် စစ်ရေးအခြေအနေကို စိစစ်၍ ၎င်း၏ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ တပ်မဟာမှူးထံ တင်ပြရမည်၊

(ဂ) သက်ဆိုင်ရာ တပ်မဟာမှူးသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်အမျိုးအစားအားလုံးကို ခွင့်ပြုနိုင်သည်။ ယင်းခွင့်ပြုပေးထားသည့် ခွင့်မှတ်တမ်း များအား စစ်ရေးချုပ်ရုံးသို့ ပေးပို့ရမည်။

၃၉။ ဗျူဟာမှူးနှင့် တပ်မဟာမှူး ခွင့်ရယူလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မည်သည့်ခွင့်အမျိုးအစားကိုမဆို ဒုတိယစစ်ရေးချုပ်ထံ တင်ပြရမည်၊

(ခ) ဒုတိယစစ်ရေးချုပ်သည် တပ်ဖွဲ့၏ လိုအပ်ချက်နှင့် စစ်ရေးအခြေအနေကို စိစစ်၍ ၎င်း၏သဘောထားမှတ်ချက်နှင့်အတူ စစ်ရေးချုပ်ထံ တင်ပြရမည်၊

(ဂ) စစ်ရေးချုပ်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်အမျိုးအစားအားလုံးကို ခွင့်ပြုနိုင်သည်။

၄၀။ ဤဥပဒေကို လိုက်နာရသည့် တိုက်ခိုက်မှုတွင်မပါဝင်သော တပ်ဖွဲ့ဝင်တစ်ဦးဦး (Non-Combatants) ခွင့်ရယူလိုလျှင် သက်ဆိုင်ရာခွင့်ပေးပိုင်ခွင့်ရှိသူထံသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြရမည်။

## အခန်း(၉)
## စစ်ဘက်တရားစီရင်ရေးနှင့် အရပ်ဘက်တရားစီရင်ရေး

၄၁။ စစ်ဘက်တရားစီရင်ရေးနှင့် အရပ်ဘက်တရားစီရင်ရေး သီးခြားထားရှိရမည်။

၄၂။ ဤဥပဒေကိုလိုက်နာရသူအချင်းချင်း ပြစ်မှုဖြစ်ပွားလျှင် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ရမည်။

၄၃။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စစ်စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာရန် ပျက်ကွက်လျှင် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းခံရမည်။

၄၄။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် အရပ်သားပြည်သူတစ်ဦးဦးအပေါ် ပြစ်မှုတစ်ခုခု ကျူးလွန်လျှင် သို့တည်းမဟုတ် အရပ်သားပြည်သူတစ်ဦးဦးနှင့်ဆက်နွယ်သည့် ပြစ်မှုတစ်ခုခု ကျူးလွန်လျှင် အရပ်ဘက်တရားရုံးဖြင့် စစ်ဆေးစီရင်ရမည်။

၄၅။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးအား အရပ်ဘက်တရားရုံးသို့ လွှဲပြောင်းပေးလျှင် သို့တည်းမဟုတ် အရပ်ဘက်တရားရုံးသို့ လွှဲပြောင်းပေးနိုင်ရန်အတွက် သက်ဆိုင်ရာ အရပ်ဘက်တရားရုံးက တောင်းဆိုလျှင် စစ်ရေးချုပ်သည် စွပ်စွဲခံရသူတပ်ဖွဲ့ဝင်၏ လက်နက်များကို ဖြုတ်သိမ်း၍ လွှဲပြောင်း စေရမည်။

၄၆။ ပုဒ်မ ၄၅ အရ လွှဲပြောင်းရာတွင်-

(က) တပ်မှူးသည် အမှုဖြစ်စဉ်အကျိုးအကြောင်းကို စုံစမ်းစစ်ဆေး၍ တွေ့ရှိချက် အထောက်အထားများနှင့်အတူ စစ်ရေးချုပ်ရုံးသို့ တင်ပြရမည်၊

(ခ) စစ်ရေးချုပ်သည် အမှုကို စိစစ်သုံးသပ်ပြီး သက်သေအထောက်အထားများနှင့်အတူ အရပ်ဘက်တရားရုံးသို့ လွှဲပြောင်းစေရမည်။

## အခန်း(၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၇။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိထောင်ဒဏ်အထိ ဖြစ်စေ၊ ထောင်ဒဏ်တစ်သက်ဖြစ်စေ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင် အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်-

(က) စစ်ရေးအရလိုအပ်ချက်မရှိဘဲ အရပ်သားပြည်သူ၏နေအိမ်များနှင့် ပစ္စည်းများကို တိုက်ခိုက်ခြင်း၊ ဖျက်ဆီးခြင်းပြုလုပ်လျှင်၊

(ခ) အရပ်သားပြည်သူများအား သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် လုယက်ခြင်းများ ပြုလုပ်ရာမှ အပြင်းအထန်နာကျင်စေလျှင် သို့တည်းမဟုတ် သေဆုံးစေလျှင်၊

(ဂ) စစ်ဆင်ရေးဆောင်ရွက်ရာတွင် စစ်သုံ့ပန်းများနှင့် အရပ်သားပြည်သူများကို လူသားဒိုင်းအဖြစ် အသုံးပြုလျှင်၊

(ဃ) စစ်သုံ့ပန်းများအား သတ်ဖြတ်ခြင်း၊ သုတ်သင်ရှင်းလင်းခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပြုခြင်းနှင့် ဇီဝဗေဒဆိုင်ရာ စမ်းသပ်ခြင်းများပြုလုပ်လျှင်၊

(င) ရန်သူနှင့် ဆက်စပ်သူဟု သံသယရှိသူအား ဆေးဝါးဖြတ်တောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ ခုံရုံးကြားနာခွင့် ပိတ်ပင်ခြင်းများ ပြုလုပ်လျှင်၊

(စ) စစ်ဆင်ရေး ဆောင်ရွက်ရာတွင် တားမြစ်ထားသည့် စစ်လက်နက်ပစ္စည်းများနှင့် အဆိပ်ငွေ့များ အသုံးပြုလျှင်၊

(ဆ) စစ်ဆင်ရေး ဆောင်ရွက်ရာတွင် ဇီဝလက်နက်များ အသုံးပြုလျှင်၊

(ဇ) စစ်ရေးအရလိုအပ်ချက်မရှိဘဲ စာသင်ကျောင်း၊ ဆေးရုံ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာအထိမ်းအမှတ် နေရာများနှင့် အရပ်သားပြည်သူများ စုဝေးသွားလာလှုပ်ရှားသော နေရာများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းပြုလျှင်၊

(ဈ) ခွင့်ပြုချက်ကြိုတင်ရယူထားသော လူနာတင်ယာဉ်များ၊ ကျန်းမာရေး စောင့်ရှောက်ကုသမှုပေးသူများ၊ လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့များအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းပြုလျှင်။

၄၈။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် နှစ် ၂၀ မှ အများဆုံး နှစ်အကန့်အသတ်မရှိထောင်ဒဏ်အထိ

ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်-

(က) ရန်သူထံတွင် မိမိ၏ လက်နက်ခဲယမ်းများ၊ ပစ္စည်းများကို အပ်နှံလျှင် သို့တည်းမဟုတ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ရန်သူအား လက်နက်ခဲယမ်းများ၊ အခြားပစ္စည်းများဖြင့် ထောက်ပံ့ကူညီလျှင်၊

(ခ) ရန်သူထံသို့ ထွက်ပြေး၍ ကူးပြောင်းလျှင် သို့တည်းမဟုတ် အခွင့်အာဏာမရှိဘဲ ရန်သူနှင့် စစ်ရေး၊ နိုင်ငံရေး၊ ဆက်သွယ်ခြင်း ပြုလုပ်လျှင်၊

(ဂ) ရန်သူ့ဘက်တော်သားအဖြစ်ခံယူပြီး မိမိတို့တပ်တွင်းသို့ ဝင်ရောက်ကာ တပ်သားများကို စည်းရုံး၍ တော်လှန်ပုန်ကန်ခြင်း သို့တည်းမဟုတ် အရာရှိနှင့် တပ်သားများကို လုပ်ကြံသတ်ဖြတ်ခြင်း ပြုလုပ်လျှင်၊

(ဃ) တပ်ဖွဲ့ဝင်အချင်းချင်းသတ်ဖြတ်လျှင်၊

(င) တိုက်ပွဲကာလတွင်သော်လည်းကောင်း၊ စစ်ဆင်ရေးတစ်ခုခု ပြင်ဆင်နေစဉ်တွင်သော်လည်းကောင်း သတင်းအချက်အလက်များကို ရန်သူထံ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပေါက်ကြားစေလျှင် သို့တည်းမဟုတ် အစီအစဉ်ပျက်ပြားအောင် ဖန်တီးခြင်း၊ မိမိတို့၏ တပ်စခန်း၊ တပ်တွင်း၊ ဌာနတွင်း တပ်လှန့်မှု၊ စိတ်ဓါတ်ကျဆင်းမှုကို ရည်ရွယ်၍ သတင်းမှားလွှင့်လျှင်၊

(စ) မိမိတို့ ဌာနနှင့် တပ်ဖွဲ့တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ရင်း ရန်သူအတွက် သူလျှို ပြုလုပ်နေလျှင်၊

(ဆ) တပ်ဖွဲ့ဝင်တစ်ဦးဦးကို ပြန်ပေးဆွဲခြင်း၊ ခြိမ်းခြောက်ခြင်း၊ ငွေညှစ်ခြင်းတို့ကို ပြုလုပ်ရာမှ ထိုသူကို အပြင်းအထန်နာကျင်စေလျှင် သို့တည်းမဟုတ် သေစေလျှင်။

၄၉။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် တန်းပြည့်စစ်မှုထမ်းချိန်တွင် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ် အထိ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်-

(က) ကင်းစောင့်နေရသောအချိန် သို့တည်းမဟုတ် အစောင့်ကျနေသောအချိန်တွင် မိမိအား စောင့်ရှောက်ရန် တာဝန်ပေးထားသော အရေးကြီးပစ္စည်းများကို လုံလောက်သော အကြောင်းအရင်းမရှိဘဲ ပျောက်ဆုံးစေလျှင် သို့တည်းမဟုတ် လုယူခံရလျှင် သို့တည်းမဟုတ် တမင်ဖျက်ဆီးလျှင် သို့တည်းမဟုတ် ပျက်စီးစေလျှင်၊

(ခ) အထက်တာဝန်ရှိသူထံမှ အမိန့်မရဘဲ မိမိ၏ ကင်း သို့တည်းမဟုတ် တာဝန်ကျနေရာကို စွန့်ခွာသွားလျှင်၊

(ဂ) စကားဝှက် သို့တည်းမဟုတ် အချက်ပြစနစ်ကို သိပိုင်ခွင့်မရှိသောသူ တစ်ဦးဦးအား သိစေလျှင်၊ သို့တည်းမဟုတ် မိမိရရှိထားသည့်အတိုင်း မဟုတ်ဘဲ ကွဲလွဲသော စကားဝှက်၊ အချက်ပြစနစ်ကို သိပိုင်ခွင့်ရှိသူ တစ်ဦးဦးအား ပေးလျှင်၊

(ဃ) အခွင့်အာဏာမရှိဘဲ ဆက်သွယ်ရေးစနစ် တစ်ခုခုကို ပြောင်းလဲလိုက်လျှင် သို့တည်းမဟုတ် နှောင့်ယှက်လျှင်။

၅၀။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် တန်းပြည့်စစ်မှုထမ်းချိန်မဟုတ်သည့်အချိန်တွင် ပုဒ်မ ၄၉ ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်။

၅၁။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် နှစ် ၂၀ အထိ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်-

(က) တပ်တွင်း၌သော်လည်းကောင်း၊ ဌာနတစ်ခုခုတွင်း၌ သော်လည်းကောင်း စစ်ပုန်ကန်မှုတစ်ခုခုပြုလုပ်ရန် စတင်လှုံ့ဆော်လျှင် သို့တည်းမဟုတ် ဖြစ်ပွားစေလျှင် သို့တည်းမဟုတ် ပူးပေါင်းကြံစည်လျှင် သို့တည်းမဟုတ် စစ်ပုန်ကန်မှုတွင် ပါဝင်လျှင်၊

(ခ) စစ်ပုန်ကန်မှု တစ်ခုခုဖြစ်ပွားချိန်တွင် ရှိနေလျက်နှင့် သက်ဆိုင်ရာကို သတင်းပေးပို့ရန် သို့တည်းမဟုတ် တားဆီးရန် တမင်ပျက်ကွက်လျှင်။

၅၂။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည်-

(က) စစ်ပြေးမှုကို ကျူးလွန်လျှင် သို့တည်းမဟုတ် စစ်ပြေးမှုကျူးလွန်ရန် အားထုတ်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၆ လအထိ ချမှတ်ရမည့်အပြင် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲရေးပြစ်ဒဏ်လည်း ချမှတ်နိုင်သည်၊

(ခ) ပုဒ်မခွဲ(က)အရ စစ်ပြေးမှုကျူးလွန်သူသည် လက်နက်ခဲယမ်းပါ ယူဆောင်၍ စစ်ပြေးမှုကို ကျူးလွန်လျှင် သို့တည်းမဟုတ် စစ်ပြေးမှုကျူးလွန်ရန် အားထုတ်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် နှစ် ၂၀ အထိ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်။

(ဂ) စစ်ပြေးတစ်ဦးဦးအား သိလျက်နှင့် လက်ခံထားလျှင် သို့တည်းမဟုတ် ဝှက်သိမ်းပေးထားလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁ လမှ အများဆုံး ထောင်ဒဏ် ၃ လ အထိ ချမှတ်ရမည်။ လက်နက်ပါသည့် စစ်ပြေးတစ်ဦးဦးအား သိလျက်နှင့် လက်ခံထားလျှင် သို့တည်းမဟုတ် ဝှက်သိမ်းပေးထားလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၆ လအထိ ချမှတ်ရမည့်အပြင် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲရေးပြစ်ဒဏ်လည်း ချမှတ်နိုင်သည်၊

(ဃ) စစ်ပြေးမှုကျူးလွန်ကြောင်းနှင့် ကျူးလွန်ရန် ကြံစည်နေကြောင်းကို သိလျက်နှင့် အထက်အရာရှိအား ချက်ချင်းမတိုင်ကြားဘဲနေလျှင် သို့တည်းမဟုတ် တားဆီးရန်၊ ဖမ်းဆီးရန် မဆောင်ရွက်ဘဲနေလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁ လမှ အများဆုံး ထောင်ဒဏ် ၃ လအထိ ချမှတ်ရမည့်အပြင် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲရေးပြစ်ဒဏ်လည်း ချမှတ်နိုင်သည်။

၅၃။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်လျှင် ထိုသူကို အနည်းဆုံး အချုပ်ဒဏ် ၇ ရက်မှ အများဆုံး အချုပ်ဒဏ် ၃ လအထိ ချမှတ်ရမည့် အပြင် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲရေးပြစ်ဒဏ်လည်း ချမှတ်နိုင်သည်-

(က) ခွင့်မဲ့ပျက်ကွက်လျှင် သို့တည်းမဟုတ် လုံလောက်သောအကြောင်းမရှိဘဲ မိမိအား ပေးသော ခွင့်ထက် ပို၍နေလျှင်၊

(ခ) စစ်ရေးပြရန် သို့တည်းမဟုတ် လေ့ကျင့်ရန် သို့တည်းမဟုတ် တာဝန်တစ်ခုခုအတွက် ချိန်းဆိုထားသော နေရာသို့ လုံလောက်သော အကြောင်းမရှိဘဲ လာရောက်ရန် ပျက်ကွက်လျှင်၊

(ဂ) စစ်ရေးပြနေစဉ် လုံလောက်သော အကြောင်းမရှိဘဲ သို့တည်းမဟုတ် မိမိ၏ အထက် အရာရှိထံမှ ခွင့်ပြုချက်မရှိဘဲ ထွက်ခွါသွားလျှင်၊

(ဃ) မိမိကို တာဝန်ချထားသော နေရာထက် ကျော်လွန်၍လည်းကောင်း၊ တားမြစ်ထား သောနေရာသို့လည်းကောင်း ရောက်ရှိနေလျှင်၊

(င) သင်တန်း သို့တည်းမဟုတ် အစီအစဉ် တစ်ခုခုတွင် ပါဝင်ရန် အထက်အရာရှိမှ ပေးထား သောအမိန့်ကို လုံလောက်သောအကြောင်းမရှိဘဲ မတက်ရောက်လျှင် သို့တည်း မဟုတ် မပါဝင်ဘဲနေလျှင်။

၅၄။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် အထက်အရာရှိတစ်ဦးဦးအား အထက်အရာရှိဖြစ် ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ အနိုင်အထက်ပြုလျှင် သို့တည်းမဟုတ် ကိုယ်ထိလက်ရောက် ကျူးလွန်လျှင် သို့တည်းမဟုတ် ခြိမ်းခြောက်ပြောဆို လျှင် ထိုသူကို ၂ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည်။

၅၅။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် မိမိ၏ အထက်အရာရှိက တာဝန်တစ်ခုခုကို ထမ်း ဆောင်ရန် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ကြေးနန်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဥပဒေနှင့် အညီ ပေးအပ်သည့်အမိန့်ကို ဖီဆန်လျှင် ထိုသူကို ၁ နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည်။

၅၆။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်လျှင် ထိုသူကို ၁ လအထိ အချုပ်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲရေး ပြစ်ဒဏ်ဖြစ်စေ ချမှတ်ရမည်-

(က) ခိုက်ရန်ဖြစ်ပွားသောအခါ သို့တည်းမဟုတ် ဝရုန်းသုံးကားဖြစ်ပွားသောအခါ မိမိအား လူစုခွဲရန်၊ ရပ်တန့်ရန်၊ အချုပ်ခံရန် အမိန့်ပေးသော အရာရှိတစ်ဦးဦး၏အမိန့်ကို နာခံရန် ငြင်းပယ်လျှင် သို့တည်းမဟုတ် ကိုယ်ထိလက်ရောက်ကျူးလွန်လျှင်၊

(ခ) ဤဥပဒေနှင့်အညီ မိမိအား အရေးယူဆောင်ရွက်နေသူတစ်ဦးဦးကို ကိုယ်ထိလက်ရောက် ကျူးလွန်လျှင်၊

(ဂ) တပ်ထိန်းကိုသော်လည်းကောင်း၊ တပ်ထိန်း၏ ကိုယ်စား တာဝန်ထမ်းဆောင်နေသော သူတစ်ဦးဦးကိုသော်လည်းကောင်း ဟန့်တားလျှင် သို့တည်းမဟုတ် ညွှန်ကြားချက်ကို မလိုက်နာလျှင် သို့တည်းမဟုတ် ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုမှုကို ငြင်းပယ်လျှင်၊

(ဃ) သက်ဆိုင်ရာဌာန သို့တည်းမဟုတ် တပ်ရင်းတပ်ဖွဲ့ အသီးသီးတွင် ထုတ်ပြန်ထားသည့် အမိန့်နှင့် စည်းကမ်းကို လိုက်နာရန်ပျက်ကွက်လျှင်၊

(င) ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးထိန်းသိမ်းရန်အတွက် စစ်ရေးချုပ်ရုံး၏ အမိန့်အရ ရောက်ရှိလာသော တာဝန်ရှိသူကို ကန့်ကွက်နှောင့်ယှက်ခြင်း၊ တားဆီးခြင်းပြုလုပ်လျှင်။

၅၇။ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(င)ပြစ်မှုကို ကျူးလွန်ရာမှ အပြင်းအထန်နာကျင်စေလျှင် သို့တည်းမဟုတ် သေဆုံးမှုဖြစ်စေလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် နှစ် ၂၀ မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်။

၅၈။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် အိမ်ထောင်ရှိနှင့်ပြီးသူဖြစ်လျက်နှင့် အိမ်ထောင်ရေး ဖောက်ပြားခြင်း၊ အိမ်ထောင်မရှိသော်လည်း လူမှုရေးဖောက်ပြားမှုကို ကျူးလွန်လျှင် သို့တည်းမဟုတ် ကာမပိုင်ရှိသူအား ဖြားယောင်းခြင်းကို ကျူးလွန်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်။

၅၉။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးသည်-

(က) ဤဥပဒေကို လိုက်နာရသည့် တပ်ဖွဲ့ဝင်တစ်ဦးဦးအား မုဒိမ်းမှုကျူးလွန်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် နှစ် ၂၀ အထိ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်။

(ခ) ဤဥပဒေကို လိုက်နာရသည့် တပ်ဖွဲ့ဝင်တစ်ဦးဦးအား မုဒိမ်းမှုကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် သို့တည်းမဟုတ် အားထုတ်လျှင် ထိုသူကို ၇ နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည်။

(ဂ) ဤဥပဒေကို လိုက်နာရသည့် တပ်ဖွဲ့ဝင်တစ်ဦးဦးအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်လျှင် သို့တည်းမဟုတ် ကိုယ်တိုင်မကျူးလွန်သော်လည်း အခြားသူ တစ်ဦးဦးကို ကျူးလွန်ရန် အမိန့်ပေးခြင်း၊ တိုက်တွန်းခြင်း၊ ပံ့ပိုးခြင်း ပြုလျှင် သို့တည်းမဟုတ် တားဆီးရန် တာဝန်ရှိသော်လည်း တားဆီးရန် ပျက်ကွက်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး နှစ် ၂၀ အထိ ချမှတ်ရမည်။

၆၀။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် အာဏာကို အလွဲသုံးစားပြု၍ မိမိလက်အောက်ရှိ တပ်ဖွဲ့ဝင်များကို ညှင်းပန်းနှိပ်စက်မှုပြုလျှင် ထိုသူကို ရာထူးလျော့ချခြင်းဖြစ်စေ၊ အဆင့်လျော့ချခြင်း ဖြစ်စေ၊ ၁ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ပြစ်ဒဏ်အားလုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည်-

(က) တာဝန်ချိန်တွင် တာဝန်မထမ်းဆောင်နိုင်လောက်အောင် အရက်သေစာသောက်စား မူးယစ်နေလျှင်ဖြစ်စေ၊ မူးယစ်ရမ်းကားနေလျှင်ဖြစ်စေ၊ တာဝန်ချိန်မဟုတ်သော်လည်း အလွန်အကျူး အရက်သေစာ သောက်စားပြီး အခြားသူများအား အနှောင့်အယှက်ဖြစ်စေလျှင် သို့တည်းမဟုတ် အဖွဲ့၏ဂုဏ်သိက္ခာကို ထိခိုက်စေလျှင် သို့တည်းမဟုတ် နောက်ထပ် တာဝန်ချိန်ကို ကောင်းစွာ တာဝန်မထမ်းဆောင်နိုင်သည်အထိ ဖြစ်နေလျှင် ထိုသူကို အနည်းဆုံး အချုပ်ဒဏ် ၇ ရက်မှ အများဆုံး အချုပ်ဒဏ် ၃ လ အထိ ချမှတ်ရမည်။

(ခ) တာဝန်ချိန်တွင်ဖြစ်စေ၊ တာဝန်ချိန်ပြင်ပတွင်ဖြစ်စေ မူးယစ်ဆေးဝါးသုံးလျှင် သို့တည်းမဟုတ် သုံးစွဲရန်အလို့ငှာ လက်ဝယ်ထားရှိလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁ လမှ အများဆုံး ထောင်ဒဏ် ၆ လအထိ ချမှတ်ရမည်။

(ဂ) မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာလက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ထုတ်လုပ်ခြင်း ပြုလျှင် ထိုသူကို ၁၀ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်

အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်။

(ဃ) ပုဒ်မခွဲ (ဂ)ပါ ပြစ်မှုကိုကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေကြေးထောက်ပံ့ခြင်းပြုလျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင်ဖြစ်စေ ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်။

(င) ပုဒ်မခွဲ(က)၊ (ခ) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်လျှင် ထိုသူကို ၂ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်။

၆၂။ အချုပ် သို့တည်းမဟုတ် တာဝန်ကျနေရာတစ်ခုကို ကွပ်ကဲရန်တာဝန်ရှိသူသည်-

(က) မိမိစောင့်ထိန်းရသည့် အချုပ်သားတစ်ဦးဦးကို တမင်ဖြစ်စေ၊ ခိုင်လုံသည့် အကြောင်းမရှိဘဲဖြစ်စေ၊ သက်ဆိုင်ရာအမိန့်မရရှိဘဲ လွှတ်ပေးလျှင်၊ ထွက်ပြေးစေလျှင် သို့တည်းမဟုတ် လူအစားထိုးလဲလှယ်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်၊

(ခ) မိမိ၏ပေါ့လျော့မှုကြောင့် စောင့်ထိန်းရသည့် အချုပ်သားတစ်ဦးဦးထွက်ပြေး လွတ်မြောက်သွားလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိ ချမှတ်ရမည်၊

(ဂ) စောင့်ထိန်းရန် နည်းလမ်းတကျ လာရောက်လွှဲအပ်သည်ကို လက်ခံရန် ငြင်းပယ်လျှင် ထိုသူကို အနည်းဆုံး အချုပ်ဒဏ် ၇ နှစ်ရက်မှ အများဆုံး အချုပ်ဒဏ် ၃ လအထိ ချမှတ်ရမည်။

၆၃။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် စွဲဆိုခံထားရသောပြစ်မှုအတွက်ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်သောပြစ်မှုအတွက်ဖြစ်စေ ဥပဒေနှင့်အညီ ချုပ်ထားရာမှ ထွက်ပြေးလျှင် သို့တည်းမဟုတ် ထွက်ပြေးရန်အားထုတ်လျှင် ထိုသူကို စွဲဆိုထားသော သို့တည်းမဟုတ် ပြစ်မှုထင်ရှားစီရင်ထားသော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်။

၆၄။ (က) စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးသည် ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးအား ဥပဒေနှင့်အညီ ဖမ်းဆီးခြင်း သို့တည်းမဟုတ် ချုပ်နှောင်ခြင်းမဟုတ်ဘဲ အကြောင်းမဲ့ ဖမ်းဆီးလျှင် သို့တည်းမဟုတ် အကြောင်းမဲ့ ချုပ်နှောင်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၆ လအထိ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖမ်းဆီးချုပ်နှောင်ခြင်းသည် ထိခိုက်နစ်နာစေရန်တမင်ကြံရွယ်ချက်ဖြင့် ကျူးလွန်ခြင်းဖြစ်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိ ချမှတ်ရမည်။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ)ပါ ဖမ်းဆီးချုပ်နှောင်ခြင်းကြောင့် ဖမ်းဆီးချုပ်နှောင်ခံရသူအား အပြင်းအထန်နာကျင်စေလျှင် သို့တည်းမဟုတ် သေဆုံးမှုဖြစ်စေလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် နှစ် ၂၀ မှ အများဆုံး နှစ်အကန့်အသတ်မရှိထောင်ဒဏ်အထိ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်။

၆၅။ ဤဥပဒေကိုလိုက်နာရသည့် တပ်ဖွဲ့ဝင်တစ်ဦးဦးအား နစ်နာစေရန်အကြံဖြင့် ပြစ်မှုကျူးလွန်သည်ဟု မမှန်မကန် စွပ်စွဲလျှင် သို့တည်းမဟုတ် တရားစွဲဆိုစေလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံးထောင်ဒဏ် ၆ လအထိ ချမှတ်ရမည်။

၆၆။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည်-

(က) ဌာန သို့တည်းမဟုတ် တပ်ဖွဲ့များမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကို ခိုးယူလျှင် သို့တည်းမဟုတ် မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် သို့တည်းမဟုတ် မိမိပိုင်ပစ္စည်းအဖြစ် ပြောင်းလဲလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ပစ္စည်း၏ကာလတန်ဖိုးအတိုင်း ပေးလျော်စေသည့်အမိန့်ဖြစ်စေ၊ ပြစ်ဒဏ် ၂ ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်။

(ခ) ဌာန သို့တည်းမဟုတ် တပ်ဖွဲ့များမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် လက်နက်ခဲယမ်းများ၊ အသုံးအဆောင်ပစ္စည်းများကို ရောင်းချခြင်း၊ လဲလှယ်ခြင်း လက်ခံပိုင်ခွင့်မရှိသူကို ပေးအပ်ခြင်း ကျူးလွန်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ လမှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိဖြစ်စေ၊ ပစ္စည်း၏ကာလတန်ဖိုးအတိုင်း ပေးလျော်စေသည့်အမိန့်ဖြစ်စေ၊ ပြစ်ဒဏ် ၂ ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ရှုတ်ချ၍ (Dismissal with Disgrace) တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်လည်း ချမှတ်ရမည်။

ရှင်းလင်းချက် (၁)။ တပ်ဖွဲ့၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်ပစ္စည်းများတွင် တိုက်ပွဲအတွင်း သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ၊ အသုံးအဆောင်ပစ္စည်းများလည်း အကျုံးဝင်သည်။

ရှင်းလင်းချက် (၂)။ မတရားရယူရန်အကြံနှင့်ဖြစ်စေ၊ မတရားဆုံးရှုံးစေရန်အကြံနှင့်ဖြစ်စေ မည်သူမဆို တစ်ဦးတစ်ယောက်သောသူအားပြုလျှင် ထိုသူသည် မရိုးမဖြောင့်ပြုသည် မည်၏။

၆၇။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် ကရင်နီပြည်တပ်၏ စာရွက်စာတမ်း၊ အမှတ်တံဆိပ်တစ်မျိုးမျိုးကို အတုပြုလုပ်လျှင် သို့တည်းမဟုတ် အတုပြုလုပ်သည်ကို သိလျက်နှင့် ခွင့်ပြုလျှင် သို့တည်းမဟုတ် ပူးပေါင်းကြံစည်လျှင် သို့တည်းမဟုတ် အမှတ်အသားနှင့် စာသားတစ်စိတ်တစ်ပိုင်းကို ပြောင်းလဲလျှင် သို့တည်းမဟုတ် ဖျောက်ဖျက်လျှင် သို့တည်းမဟုတ် အလွဲသုံးစား ပြုလုပ်လျှင် အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၂ နှစ်အထိ ချမှတ်ရမည်။

၆၈။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် တာဝန်ကျနေရာတစ်ခုခုကို ကွပ်ကဲနေစဉ် မိမိလက်အောက်တပ်ဖွဲ့ဝင်တစ်ဦးဦးက အရပ်သားပြည်သူတစ်ဦးဦးအပေါ် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း တိုင်ကြားချက်တစ်ရပ် ရရှိလျက်နှင့် အရပ်ဘက်တရားရုံးသို့ လွှဲပြောင်းနိုင်ရန် အထက်အရာရှိထံ သတင်းပေးပို့အစီရင်ခံရန် ပျက်ကွက်လျှင် ထိုသူကို အနည်းဆုံး အချုပ်ဒဏ် ၇ ရက်မှ အများဆုံး အချုပ်ဒဏ် ၃ လအထိ ချမှတ်ရမည်။

၆၉။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်လျှင် ထိုသူကို ၅ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည်။

## အခန်း(၁၁)
## တပ်ထိန်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇၀။ စစ်ရေးချုပ်သည် သက်ဆိုင်ရာတပ်ဖွဲ့အသီးသီးမှ တပ်ထိန်း(တပ်စည်းကမ်းထိန်းသိမ်းရေး အရာရှိ)များ၏ အကြီးအမှူးဖြစ်သည်။

၇၁။ တပ်ထိန်းများသည်-

(က) သက်ဆိုင်ရာ တပ်မှူး၏ လမ်းညွှန်ချက်နှင့်အညီ တပ်စည်းကမ်းထိန်းသိမ်းရေးကို စီမံဆောင်ရွက်ရမည်။

(ခ) ပြစ်မှုတစ်ခုခုအတွက် အချုပ်နှင့်ထားသူများကို စောင့်ကြပ်ထိန်းသိမ်းရန်၊ တပ်တွင်းစည်းကမ်း စနစ်တကျရှိစေရန်၊ တပ်သားတိုင်းကို တပ်ဖွဲ့မှချမှတ်ထားသော မူဝါဒများ၊ စည်းကမ်းများကို မဖောက်ဖျက်အောင် တားမြစ်ရန် တာဝန်ရှိသည်။

(ဂ) ပြစ်မှုကျူးလွန်သောသူ သို့တည်းမဟုတ် စွပ်စွဲခံရသောသူ တစ်ဦးဦးကို ဖမ်းဆီးပြီးနောက် စစ်ဆေးစီရင်ရန်အတွက် ချုပ်နှောင်ထားနိုင်သည့်အပြင် တပ်စုမှူးအောက် တပ်ဖွဲ့ဝင်များကို တပ်ရင်းအချုပ်တွင် ၂၄ နာရီအောက် ချုပ်နှောင်ထားခြင်း၊ စခန်းအပြင်ထွက်ခွင့် ကာလတစ်ခုထိ ပိတ်ပင်ခြင်း၊ အပိုကင်းတာဝန်နှင့် အခြားအပိုတာဝန်များ၊ အလုပ်ကြမ်းများ ခိုင်းစေခြင်း ပြစ်ဒဏ်များပေးနိုင်သည်။

(ဃ) ပြစ်မှုတစ်ခုခုကျူးလွန်သော အရာရှိတစ်ဦးကို သက်ဆိုင်ရာအခြားအရာရှိတစ်ဦးဦး၏ အမိန့်ဖြင့်သာ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းပြုရမည်။

## အခန်း(၁၂)
## ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်း

၇၂။ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ပြစ်မှုကျူးလွန်သည့် ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးကို ဖမ်းဆီးရန် အမိန့်ပေးနိုင်သည်-

(က) စစ်ရေးချုပ် သို့တည်းမဟုတ် စစ်ရေးချုပ်က အမိန့်စာဖြင့် အာဏာအပ်နှင်းထားသော တပ်ဖွဲ့ဝင်တစ်ဦးဦး၊

(ခ) တပ်မှူး သို့တည်းမဟုတ် တပ်မှူးက အမိန့်စာဖြင့် အာဏာအပ်နှင်းထားသော တပ်ဖွဲ့ဝင်တစ်ဦးဦး၊

(ဂ) တပ်ထိန်းများ။

၇၃။ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသော ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် အသာတကြည် အဖမ်းမခံလျှင် ဖမ်းဆီးသူသည် လိုအပ်သည့်အင်အားကို အသုံးပြု၍ ဖမ်းဆီးနိုင်သည်။

၇၄။ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသော ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးကို စစ်ဘက်အချုပ်နှင့်ထားရန် အထက်အရာရှိတစ်ဦးဦးက အမိန့်ပေးနိုင်သည်။

၇၅။ စုံစမ်းစစ်ဆေးရေးခုံရုံးဖြင့် စစ်ဆေးခံရသူတစ်ဦးဦးအား သက်ဆိုင်ရာတပ်မှူးက စုံစမ်းစစ်ဆေးရေးပြီးသည်အထိ ချုပ်နှောင်ခွင့်ပြုနိုင်သည်။ စုံစမ်းစစ်ဆေးမှုတစ်ရပ်အား ရက် ၃၀ အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။ အကယ်၍ ရက် ၃၀ အတွင်း စုံစမ်းစစ်ဆေးမှု ပြီးစီးခြင်းမရှိလျှင် စစ်ရေးချုပ်က နောက်ထပ် ရက် ၃၀ တိုးမြှင့်ပေးနိုင်သည်။

၇၆။ တပ်မှူးသည် ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသော ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးကို အချုပ်နှင့်ထားကြောင်း မိမိအား သတင်းပေးပို့လျှင် ထိုစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရမည်။

၇၇။ (က) တပ်မှူး သို့တည်းမဟုတ် အရာရှိသည် ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသော ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးကို ၂၄ နာရီထက်ပို၍ ချုပ်နှောင်ထားရလျှင် ချုပ်ထားခြင်းခံရသူတိုင်း၏ အကြောင်းအရာနှင့် စွပ်စွဲခြင်းခံရသူအား စစ်ဆေးစီရင်နိုင်ရန်အတွက် စစ်တရားရုံးတစ်ခုဖွဲ့ပေးရန် စစ်တရားရုံးဖွဲ့စည်းပိုင်ခွင့်ရှိသည့် အရာရှိထံ အစီရင်ခံ သတင်းပို့ရမည်။

(ခ) စစ်တရားရုံးတစ်ခုဖွဲ့စည်းပေးရန် အစီရင်ခံသတင်းပို့ထားသော်လည်း စစ်တရားရုံးတစ်ရပ်ဖွဲ့စည်းပေးခြင်း မရှိသေးလျှင် ၇ ရက်ထက်ပို၍ အချုပ်ခံနေရသည့် အမှုတိုင်းကို ထိုသူ၏တပ်မှူးက အချုပ်ခံထားရသူ၏အခြေအနေနှင့်ဖြစ်စဉ်ကို စစ်တရားရုံးဖွဲ့စည်းပိုင်ခွင့်ရှိသည့် အရာရှိထံ ၇ ရက်တစ်ကြိမ်ပုံမှန် အစီရင်ခံ သတင်းပို့ရမည်။

## အခန်း (၁၃)
## စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်းခြင်း

၇၈။ စစ်ဦးစီးချုပ်နှင့် စစ်ဦးစီးအဖွဲ့ဝင်တို့သည် အထူးစုံစမ်းစစ်ဆေးရန် လိုအပ်သည့်ကိစ္စရပ်များတွင် စစ်ဦးစီးချုပ် သို့တည်းမဟုတ် စစ်ဦးစီးအဖွဲ့မှ တာဝန်ပေးအပ်သော တပ်ဖွဲ့ဝင်အရာရှိငါးဦးဖြင့် အထူးစုံစမ်းစစ်ဆေးရေးခုံရုံးကိုဖွဲ့စည်းရမည်။

၇၉။ (က) တပ်မှူးသည် စုံစမ်းစစ်ဆေးရန် လိုအပ်သည့်ကိစ္စရပ်များတွင် စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်းနိုင်သည်။

(ခ) စုံစမ်းစစ်ဆေးရေးခုံရုံးတစ်ခုတွင် အဖွဲ့ဝင် သုံးဦး သို့တည်းမဟုတ် သုံးဦးထက်ပို၍ ပါဝင်နိုင်ပြီး အရာရှိကိစ္စများတွင် အရာရှိများဖြင့်သာ ဖွဲ့စည်းရမည်။ အရာရှိမှအပ အခြားအဆင့်ကိစ္စများတွင် အနည်းဆုံးတစ်ဦးမှာ အရာရှိဖြစ်၍ အခြားအဖွဲ့ဝင်များမှာ အရာခံဗိုလ်၊ အကြပ်များဖြင့်လည်း ဖွဲ့စည်းနိုင်သည်။

၈၀။ အောက်ပါအကြောင်းကိစ္စရပ်များအတွက် စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်း၍ စစ်ဆေးရမည်-

(က) ခွင့်မဲ့ပျက်ကွက်ခြင်းနှင့် စစ်ပြေးခြင်း၊

(ခ) တစ်နည်းနည်းဖြင့် ရန်သူ၏စစ်သုံ့ပန်းဖြစ်ခဲ့သူများနှင့် ပျောက်ဆုံးနေရာမှ တပ်ဖွဲ့သို့ ပြန်လည်ရောက်ရှိလာသူများ၊

(ဂ) ကရင်နီပြည်ပိုင် သို့တည်းမဟုတ် တပ်ဖွဲ့များမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် လက်နက်များ၊ ပစ္စည်းများ၊ အသုံးအဆောင်များ ပျောက်ဆုံးခြင်း၊ ဆုံးရှုံးခြင်း၊ ခိုးယူခံရခြင်း သို့တည်းမဟုတ် ပျက်စီးခြင်း၊

(ဃ) လျှို့ဝှက် စာရွက်စာတမ်းများ ပျောက်ဆုံးခြင်း၊

(င) တပ်ဖွဲ့များမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်ဘဏ္ဍာငွေများ ပျောက်ဆုံးခြင်း၊ ဆုံးရှုံးခြင်း၊ ခိုးယူခံရခြင်း၊ လိမ်လည်လှည့်ဖြားခံရခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်း၊

(စ) ရန်သူ့လက်ချက်မှလွဲ၍ အခြားနည်းဖြင့် ဒဏ်ရာများရရှိခြင်း၊

(ဆ) တိုက်ပွဲမှလွဲ၍ အခြားနည်းဖြင့် သေဆုံးခြင်း၊

(ဇ) တပ်တွင်းပုန်ကန်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း သို့တည်းမဟုတ် အခြားမငြိမ်မသက်မှုဖြစ်ပွားခြင်း၊

(ဈ) ကျင့်ဝတ်များ ဖောက်ဖျက်ခြင်း။

၈၁။ ဤဥပဒေကိုလိုက်နာရသူတစ်ဦးဦးသည် အထက်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ခွင့်ယူထားသော်လည်း သတ်မှတ်ထားသော ခွင့်ကာလကုန်ဆုံးပြီးနောက် စည်းကမ်းနှင့်အညီ ပြန်လည်ရောက်ရှိခြင်းမရှိဘဲ သို့တည်းမဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ခွင့်မဲ့ပျက်ကွက်ခြင်းဖြစ်ပွားပါက-

(က) ထိုတပ်ဖွဲ့ဝင်ကို ကွပ်ကဲရသော တပ်မှူးသည် ဖြစ်စဉ်အကြောင်းအရာနှင့် လက်နက်၊ ခဲယမ်း အသုံးအဆောင်ပစ္စည်းများ လျော့နည်းနေခြင်း ရှိ၊ မရှိကို စုံစမ်းစစ်ဆေးပြီးနောက် သက်ဆိုင်ရာ အထက်အရာရှိထံ သတင်းပေးပို့ရမည်။

(ခ) အဆက်အသွယ်ပြတ်တောက်နေသူကို သက်ဆိုင်ရာ တပ်ရင်း၊တပ်ဖွဲ့မှတ်တမ်းတွင် ခွင့်မဲ့ပျက်ကွက်သူအဖြစ် စာရင်းသွင်းရမည်။

(ဂ) ခွင့်မဲ့ပျက်ကွက်မှတ်တမ်းကို စစ်ရေးချုပ်ရုံးသို့ တင်ပြပြီး ခွင့်မဲ့ပျက်ကွက်မှုကို တပ်ဖွဲ့အတွင်း ကြေညာရမည်။

၈၂။ ခွင့်မဲ့ပျက်ကွက်ဟု ကြေညာခံရသူသည် ကြေညာခြင်းခံရသည့်နေ့မှစ၍ ၂၁ ရက်အတွင်း တပ်ရင်း၊ တပ်ဖွဲ့သို့ ပြန်လည်ရောက်ရှိခြင်း မရှိပါက ထိုသူကို စစ်ပြေးဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း(၁၄)
## စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းမပြုဘဲ တပ်မှူးကချမှတ်နိုင်သည့်ပြစ်ဒဏ်

၈၃။ တပ်မှူးတစ်ဦးသည် အချုပ်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုငယ်များကို မိမိ၏ဆင်ခြင်တုံတရားဖြင့် စစ်ဆေးစီရင်ပိုင်ခွင့်ရှိပြီး ယင်းသို့သောအမှုများကို စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းမပြုဘဲ ပြစ်ဒဏ် များ ချမှတ်နိုင်သည်။

၈၄။ တပ်မှူး၏စီရင်ပိုင်ခွင့်အရ ပြစ်ဒဏ်ချမှတ်ပြီးသည့် ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးကို အဆိုပါ ပြစ်မှုအတွက် စစ်တရားရုံးဖြင့် ထပ်မံ စစ်ဆေးစီရင်ခြင်း မပြုရ။

၈၅။ တပ်မှူးတစ်ဦးသည် ကိုယ်တိုင်ဖြစ်စေ၊ စွပ်စွဲခံရသည့် တပ်ဖွဲ့ဝင်ထက် ရာထူးမနိမ့်သူ တစ်ဦးဦးအား လွှဲအပ်၍ဖြစ်စေ မိမိလက်အောက်ရှိ တပ်ဖွဲ့ဝင်များ ကျူးလွန်သည့် ပြစ်မှုငယ်များကို စစ်ဆေးပြီးနောက် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားလျှင် အောက်ပါပြစ်ဒဏ်များကို ချမှတ်နိုင်သည်-

(က) စစ်ဘက်အချုပ် ၃ လအထိ၊

(ခ) အပိုကင်းတာဝန်၊

(ဂ) အပိုအလုပ်တာဝန်၊

(ဃ) နှုတ်ဖြင့်သတိပေးခြင်း သို့တည်းမဟုတ် ခံဝန်ကတိရေးထိုးစေခြင်း။

## အခန်း(၁၅)
## စစ်တရားရုံးများ

၈၆။ စစ်ဘက်ဆိုင်ရာမှုခင်းများအား စစ်ဆေးစီရင်ရန်အလို့ငှာ အောက်ပါအတိုင်း စစ်တရားရုံး (၄) မျိုး သတ်မှတ်သည်-

(က) စစ်တရားရုံးချုပ်၊

(ခ) အထူးစစ်တရားရုံး၊

(ဂ) အကျဉ်းစစ်တရားရုံး၊

(ဃ) စစ်မြေပြင်စစ်တရားရုံး။

၈၇။ စစ်ရေးချုပ်သည် စစ်ဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် စစ်မြေပြင်စစ်တရားရုံးမှအပ ပုဒ်မ ၈၆ ပါ စစ်တရားရုံးတစ်ရုံးရုံးကို ဖွဲ့စည်းနိုင်သည်။

၈၈။ အောက်ပါပုဂ္ဂိုလ်များသည် စစ်မြေပြင်စစ်တရားရုံးကို ဖွဲ့စည်းရန်အာဏာရှိသည်-

(က) စစ်ရေးချုပ်က ဤကိစ္စအလို့ငှာ အမိန့်စာဖြင့် အာဏာအပ်နှင်းထားသော အရာရှိ တစ်ဦးဦး၊

(ခ) တန်းပြည့်စစ်မှုထမ်းချိန်တွင် စစ်မြေပြင်၌ တပ်ဖွဲ့များကို ကွပ်ကဲနေသည့် အရာရှိ သို့တည်းမဟုတ် ထိုအရာရှိက ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသည့် အရာရှိ တစ်ဦးဦး။

၈၉။ စစ်တရားရုံးဖွဲ့စည်းရန် ထုတ်ပေးသော အမိန့်စာတွင် ထိုအမိန့်စာကို ထုတ်ပေးသောအရာရှိက သင့်လျော်မည့် ကန့်သတ်ချက်များ၊ ခြွင်းချက်များ သို့တည်းမဟုတ် စည်းကမ်းချက်များကို ထည့်သွင်းနိုင်သည်။

၉၀။ စစ်တရားရုံးချုပ်တွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်ရမည်-

| | | | |
|---|---|---|---|
| (က) | ဗိုလ်မှူးကြီး | - | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူး | - | အဖွဲ့ဝင်(၁) |
| (ဂ) | ဗိုလ်ကြီး | - | အဖွဲ့ဝင်(၂) |

၉၁။ အထူးစစ်တရားရုံးတွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်ရမည်-

(က) ဒုတိယဗိုလ်မှူးကြီး - ဥက္ကဋ္ဌ
(ခ) ဗိုလ်မှူး - အဖွဲ့ဝင်(၁)
(ဂ) ဗိုလ်ကြီး - အဖွဲ့ဝင်(၂)

၉၂။ အကျဉ်းစစ်တရားရုံးတွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်ရမည်-

(က) ဗိုလ်မှူး - ဥက္ကဋ္ဌ
(ခ) ဗိုလ်ကြီး - အဖွဲ့ဝင်(၁)
(ဂ) ဗိုလ် - အဖွဲ့ဝင်(၂)

၉၃။ စစ်မြေပြင်စစ်တရားရုံးတွင် အနည်းဆုံး အရာရှိတစ်ဦး အပါအဝင် သုံးဦးအောက်မနည်းသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

၉၄။ စစ်တရားရုံးတစ်ရုံးရုံးဖွဲ့စည်းရာတွင် အမျိုးသမီးတစ်ဦး ပါဝင်နိုင်ရေး ဦးစားပေး ဆောင်ရွက်ရမည်။

၉၅။ စစ်မြေပြင်စစ်တရားရုံးမှအပ စစ်တရားရုံးတစ်ရုံးရုံးဖြင့် စစ်ဆေးခံရမည့်သူသည် ၎င်း၏ လိင်စိတ်ခံယူချက်နှင့်ကိုက်ညီသော တပ်ဖွဲ့ဝင်တစ်ဦးကို ယင်းဖွဲ့စည်းမည့် စစ်တရားရုံးတွင် ပါဝင် စေရန် တောင်းဆိုလျှင် ပုဒ်မ ၉၀ မှ ပုဒ်မ ၉၂ အထိပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင် စေဘဲ ထိုသို့သော တပ်ဖွဲ့ဝင်တစ်ဦး အနည်းဆုံး ပါဝင်စေရမည်။

၉၆။ စစ်တရားရုံးချုပ်သည် ဤဥပဒေကို လိုက်နာရသူ မည်သူ့ကိုမဆို စစ်ဆေးစီရင်ရန်နှင့် ဥပဒေက ခွင့်ပြုသည့် ပြစ်ဒဏ်အားလုံးကို ချမှတ်ရန် အာဏာရှိသည်။

၉၇။ အထူးစစ်တရားရုံးသည် ဤဥပဒေကို လိုက်နာရသူ မည်သူ့ကိုမဆို စစ်ဆေးစီရင်ရန်နှင့် ၁၀ နှစ် ထက်မပိုသော ထောင်ဒဏ်အပြင် ဥပဒေက ခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်ရန် အာဏာ ရှိသည်။

၉၈။ အကျဉ်းစစ်တရားရုံးသည် ဤဥပဒေကိုလိုက်နာရသူ မည်သူ့ကိုမဆို စစ်ဆေးစီရင်ရန်နှင့် ၅ နှစ်ထက်မပိုသော ထောင်ဒဏ်အပြင် ဥပဒေက ခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်ရန် အာဏာရှိသည်။

၉၉။ စစ်မြေပြင်စစ်တရားရုံးသည် ဤဥပဒေကိုလိုက်နာရသူ မည်သူ့ကိုမဆို စစ်ဆေးစီရင်ရန်နှင့် ၁ နှစ်ထက်မပိုသော ထောင်ဒဏ်အပြင် ဥပဒေကခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်ရန် အာဏာရှိသည်။

၁၀၀။ စစ်တရားရုံးအသီးသီးသည် အောက်ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်များကို ချမှတ်ရန်အာဏာရှိသည်-

(က) အဆင့်လျှော့ချခြင်း၊

(ခ) အဆင့်သက်တမ်းလျှော့ချခြင်း၊

(ဂ) စစ်မှုထမ်းသက်လျှော့ချခြင်း၊

(ဃ) လျော်ကြေးပေးဆောင်စေခြင်း။

၁၀၁။ စစ်တရားရုံးဥက္ကဋ္ဌသည်-

(က) အမှုစစ်ဆေးစီရင်ပြီးသည့်နောက်တွင် စစ်တရားရုံး၏ စစ်ဆေးစီရင်ချက်၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စစ်တရားရုံးအား ဖျက်သိမ်းရန် လိုအပ်ကြောင်း စစ်ရေးချုပ်ထံ တင်ပြ၍ အမိန့်ရလျှင် ထိုစစ်တရားရုံးအား ဖျက်သိမ်းနိုင်သည်၊

(ခ) စစ်ဘက်လိုအပ်ချက်များအရ စစ်တရားရုံး ဆက်လက်ရုံးထိုင်ရန် မဖြစ်နိုင်လျှင် သို့တည်းမဟုတ် မသင့်လျော်ဟု ထင်မြင်လျှင် စစ်ရေးချုပ်၏ သဘောတူညီချက်ကို ရယူပြီး စစ်တရားရုံးကို ဖျက်သိမ်းနိုင်သည်၊

(ဂ) အမှုစစ်ဆေးစီရင်နေစဉ်အတွင်း စစ်တရားရုံးတစ်ရုံးတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေသည် အနည်းဆုံး သတ်မှတ်ဦးရေအောက် လျော့သွားလျှင် စစ်ရေးချုပ်ထံ တင်ပြ၍ အနည်းဆုံး သတ်မှတ်ဦးရေပြည့်ရန် အဖွဲ့ဝင်အသစ်များကို ခန့်အပ်ပြီး စစ်တရားရုံးများအား ဖျက်သိမ်းခြင်းမပြုဘဲ ဆက်လက် စစ်ဆေးစီရင်ရမည်။

## အခန်း(၁၆)
## စစ်တရားရုံးများလိုက်နာရမည့်ကျင့်ထုံး

၁၀၂။ ဤဥပဒေအရ တိုင်တန်းသူ သို့တည်းမဟုတ် စွပ်စွဲခံရသူသည် ကိုယ်တိုင်ဖြစ်စေ၊ အခြားအရာရှိတစ်ဦးဦးအား ကိုယ်စားလှယ်အဖြစ် လွှဲအပ်၍ဖြစ်စေ ကရင်နီပြည်က ကျင့်သုံးလျက်ရှိသော ဥပဒေများနှင့်အညီ ခုခံချေပခွင့်ရှိသည်။

၁၀၃။ စစ်တရားရုံးအသီးသီးတွင် စစ်ဥပဒေအရာရှိတစ်ဦး ပါဝင်ရမည်။ ထိုစစ်ဥပဒေအရာရှိသည် စစ်ဥပဒေဌာနမှ အရာရှိတစ်ဦး ဖြစ်ရမည်။ အဆိုပါအရာရှိကို မရနိုင်ပါက စစ်ဥပဒေချုပ် သို့တည်းမဟုတ် စစ်ဥပဒေချုပ်က ဤကိစ္စအလို့ငှာ အမိန့်စာဖြင့် အာဏာအပ်နှင်းထားသော အရာရှိတစ်ဦးဦး၏ သဘောတူညီချက်ဖြင့် သင့်လျော်သူတစ်ဦးကို ခန့်အပ်နိုင်သည်။

၁၀၄။ စစ်တရားရုံးအသီးသီးသည်-

(က) အမှုများကို စစ်ဆေးစီရင်သည့်အခါ စစ်တရားရုံး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိက အဖွဲ့ဝင်များ၏အမည်များကို စွပ်စွဲခံရသူအား ဖတ်ပြရမည်။ ထိုသို့ ဖတ်ပြပြီးသောအခါ ထိုစစ်တရားရုံးတွင် တရားသူကြီးအဖြစ် ပါဝင်ရုံးထိုင်နေသော အရာရှိတစ်ဦးဦးကို ကန့်ကွက်လို၊ မလို စွပ်စွဲခံရသူအား မေးမြန်းရမည်။ ထို့ပြင် ပုဒ်မ ၁၀၁၊ ပုဒ်မခွဲ(ဂ)အရ အဖွဲ့ဝင်အသစ်တစ်ဦးဦး ခန့်အပ်လျှင် ထိုသို့ခန့်အပ်ပြီးနောက် စစ်တရားရုံး ရုံးထိုင်လျှင်ထိုင်ခြင်း ထိုအဖွဲ့ဝင်အသစ်တစ်ဦးနှင့်စပ်လျဉ်း၍လည်း ဤနည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ခ) အဆိုပါ အဖွဲ့ဝင်အရာရှိတစ်ဦးကို စွပ်စွဲခံရသူက ကန့်ကွက်ပါက၊ စွပ်စွဲခံရသူ၏ ကန့်ကွက်ချက်ကို ကြားနာပြီး ရေးမှတ်ရမည်။ ထို့နောက် ကန့်ကွက်ခံရသော အရာရှိ၏ မျက်ကွယ်တွင် ကျန်ရှိနေသော အဖွဲ့ဝင် အရာရှိနှစ်ဦးက ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ရမည်။

(ဂ) ကျန်ရှိနေသော အဖွဲ့ဝင် အရာရှိနှစ်ဦးလုံးက ကန့်ကွက်ချက်ကို ထောက်ခံမဲပေးလျှင် ကန့်ကွက်ချက်ကို လက်ခံရမည်။ အဖွဲ့ဝင်အရာရှိတစ်ဦးက ထောက်ခံမဲပေးပြီး ကျန်အဖွဲ့ဝင် အရာရှိတစ်ဦးက ကန့်ကွက်မဲပေးလျှင် စွပ်စွဲခံရသူ၏ ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်ရန်အတွက် စစ်ရေးချုပ်ထံ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်။

(ဃ) ကျန်ရှိနေသောအဖွဲ့ဝင်အရာရှိနှစ်ဦးကဖြစ်စေ၊ စစ်ရေးချုပ်ကဖြစ်စေ ကန့်ကွက်ချက်ကို လက်ခံလျှင် ကန့်ကွက်ခံရသော အဖွဲ့ဝင်သည် နုတ်ထွက်ရမည်။ ထို့နောက် စွပ်စွဲ

ခံရသူ၏ ကန့်ကွက်နိုင်သည့် အခွင့်အရေးကို မထိခိုက်စေဘဲ လစ်လပ်သည့်နေရာတွင် အခြားအရာရှိတစ်ဦးအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခန့်အပ်ရမည်။

(င) ကန့်ကွက်ခြင်း မပြုလုပ်သည့်အခါတွင်ဖြစ်စေ၊ ပုဒ်မခွဲ(ခ)မှ (ဃ)ထိ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ပြီးသည့်အခါတွင်ဖြစ်စေ စစ်တရားရုံးသည် စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

၁၀၅။ (က) စစ်တရားရုံးတစ်ရုံး၏ အဖွဲ့ဝင်အသီးသီးနှင့် စစ်ဥပဒေအရာရှိသည် စစ်ဆေးစီရင်ခြင်းကို မစမီ ကျမ်းသစ္စာကိုဖြစ်စေ၊ ကတိသစ္စာကိုဖြစ်စေ ပြုရမည်။

(ခ) စစ်တရားရုံးတွင် သက်သေခံသူ အသီးသီးအား သတ်မှတ်ထားသည့်အတိုင်း ကျမ်းသစ္စာကိုဖြစ်စေ၊ ကတိသစ္စာကိုဖြစ်စေ နည်းလမ်းတကျ ပြုစေပြီးမှ စစ်မေးရမည်။

(ဂ) သက်သေသည် ကလေးသူငယ်ဖြစ်လျှင် ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန်မလို။

၁၀၆။ (က) စစ်တရားရုံးအသီးသီးသည် စီရင်ချက်ချမှတ်ရာတွင် အဖွဲ့ဝင်အများစု၏ သဘောတူချက်ဖြင့် ဆုံးဖြတ်ရမည်။

(ခ) စစ်တရားရုံးချုပ်သည် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ကို မရရှိဘဲ နှစ် ၂၀ အထိ ထောင်ဒဏ်ဖြစ်စေ၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်တစ်သက်ဖြစ်စေ မချမှတ်ရ။

## အခန်း(၁၇)
## အယူခံခြင်း

၁၀၇။ စစ်တရားရုံးတစ်ရုံးရုံးက ချမှတ်လိုက်သည့် စီရင်ချက်အပေါ် အယူခံလိုလျှင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရက်ပေါင်း ၉၀ အတွင်း စစ်ဘက်အယူခံတရားရုံးသို့ အယူခံဝင် နိုင်သည်။

ရှင်းလင်းချက်။ စစ်ဘက်အယူခံတရားရုံးမဖွဲ့စည်းမီကာလတွင် အယူခံလျှောက်လွှာအား စစ်ရေးချုပ်ရုံးသို့ တင်သွင်းရမည်။

၁၀၈။ စစ်ရေးချုပ်သည် စစ်ဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် စစ်ဘက်အယူခံတရားရုံးကို ဖွဲ့စည်း နိုင်သည်။

၁၀၉။ စစ်ဘက်အယူခံတရားရုံးသည် စစ်တရားရုံးတစ်ရုံးရုံးက ချမှတ်လိုက်သည့် စီရင်ချက်အပေါ် အယူခံဝင်သည့် အမှုများကို စီရင်ပိုင်ခွင့်အာဏာရှိသည့်အပြင် စစ်တရားရုံးတစ်ရုံးရုံး၏ စီရင် ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

၁၁၀။ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းမပြုဘဲ တပ်မှူးကပြစ်ဒဏ်ချမှတ်ထားသည့် ဆုံးဖြတ်ချက် များအပေါ် အယူခံဝင်ခွင့်မရှိစေရ။

၁၁၁။ စစ်ဘက်အယူခံတရားရုံးသည် စစ်ရေးချုပ်က ညွှန်ကြားသည့် ကရင်နီပြည်အတွင်း မည်သည့် နေရာတွင်မဆို ရုံးထိုင်နိုင်သည်။

၁၁၂။ စစ်ဘက်အယူခံတရားရုံးက ချမှတ်လိုက်သည့် စီရင်ချက်အပေါ် အယူခံလိုလျှင် ရက်ပေါင်း ၉၀ အတွင်း ကရင်နီပြည်တရားရုံးချုပ်သို့ အယူခံဝင်နိုင်သည်။ ကရင်နီပြည်တရားရုံးချုပ်၏ အမိန့် သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၈)
## ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်များ၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များနှင့် ပြစ်ဒဏ်ဆိုင်းငံ့ထားခြင်းများ

၁၁၃။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌသည် စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်ထားသည့် ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးအား-

(က) ပြစ်ဒဏ်ချမှတ်ခြင်းခံရသူက လက်ခံသော စည်းကမ်းချက်များနှင့်ဖြစ်စေ၊ ထိုစည်းကမ်းချက်များ မပါရှိဘဲဖြစ်စေ၊ ထိုသူကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည် သို့တည်းမဟုတ်၊

(ခ) ချမှတ်သည့် ပြစ်ဒဏ်တစ်ခုလုံးကိုဖြစ်စေ၊ ထိုပြစ်ဒဏ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွတ်ငြိမ်းသက်သာခွင့်ပေးနိုင်သည် သို့တည်းမဟုတ်၊

(ဂ) ချမှတ်သောပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲနိုင်သည်။

ခြွင်းချက်။ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှု၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု သို့တည်းမဟုတ် စစ်ရာဇဝတ်မှုများအတွက် ချမှတ်သော ပြစ်ဒဏ်ကို ပုဒ်မခွဲ(က)နှင့် (ခ)အရ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် မပေးရ။

၁၁၄။ ပုဒ်မ ၁၁၃၊ ပုဒ်မခွဲ(က)နှင့် (ခ)အရ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် သို့တည်းမဟုတ် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် ရရှိထားသူ တစ်ဦးဦးသည် လွတ်ငြိမ်းချမ်းသာခွင့် သို့တည်းမဟုတ် လွတ်ငြိမ်းသက်သာခွင့်နှင့်သက်ဆိုင်သော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌသည် ထိုလွတ်ငြိမ်းချမ်းသာခွင့် သို့တည်းမဟုတ် လွတ်ငြိမ်းသက်သာခွင့်ကို ဖျက်သိမ်းနိုင်သည်။ ထိုသို့ ဖျက်သိမ်းလျှင် ထိုသူကို လွတ်ငြိမ်းချမ်းသာခွင့် သို့တည်းမဟုတ် လွတ်ငြိမ်းသက်သာခွင့် မပေးခဲ့သကဲ့သို့ စစ်တရားရုံး၏ မူလပြစ်ဒဏ်ချမှတ်ချက်အတိုင်း ကျခံစေရမည်။

၁၁၅။ (က) ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးအား စစ်တရားရုံးတစ်ရုံးရုံးက ထောင်ဒဏ် ချမှတ်သည့်အခါ ထိုပြစ်မှုကျူးလွန်သူကို စစ်ဘက်အကျဉ်းထောင် သို့တည်းမဟုတ် စစ်ဘက်အချုပ်သို့ ပို့ပြီးသည်ဖြစ်စေ၊ မပို့ရသေးသည်ဖြစ်စေ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌက ပြစ်ဒဏ်ချမှတ်ချက်ကို ဆိုင်းငံ့ထားနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ပြစ်ဒဏ်ဆိုင်းငံ့ချက်ကို ရရှိသည့် ပြစ်မှုကျူးလွန်သူအား စစ်ဘက် အကျဉ်းထောင် သို့တည်းမဟုတ် စစ်ဘက်အချုပ်သို့ ပို့အပ်ခြင်း မပြုရသေးလျှင် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ၏အမိန့်မရမခြင်း ထိုပြစ်မှု

ကျူးလွန်သူကို စစ်ဘက်အကျဉ်းထောင်သို့ဖြစ်စေ၊ စစ်ဘက်အချုပ်သို့ဖြစ်စေ မပို့ရဟု ညွှန်ကြားနိုင်သည်။

(ဂ) လျော့ချပြီးသော သို့တည်းမဟုတ် လျော့ပေါ့ပြောင်းလဲပြီးသော ထိုပြစ်ဒဏ် ချမှတ်ချက်မျိုးနှင့်စပ်လျဉ်းသည့်ကိစ္စတွင် ပုဒ်မခွဲ(က)နှင့် (ခ)ဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲနိုင်သည်။

၁၁၆။ ပုဒ်မ ၁၁၅ အရ ပြစ်ဒဏ်ချမှတ်ချက်ကို ဆိုင်းငံ့ထားသောအခါ ပြစ်မှုကျူးလွန်သူကို အချုပ်မှ ချက်ခြင်း လွှတ်ရမည်။

၁၁၇။ ပြစ်ဒဏ်ဆိုင်းငံ့ထားသည့် ကာလအပိုင်းအခြားကို ထိုပြစ်ဒဏ်ချမှတ်ချက်ပါ ကာလ၏ တစ်စိတ်တစ်ဒေသအဖြစ် ရေတွက်ရမည်။

၁၁၈။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌသည် မည်သည့်အချိန်တွင်မဆို ပြစ်ဒဏ်ဆိုင်းငံ့ချက်ကို ပယ်ဖျက်၍ ပြစ်ဒဏ်ဆိုင်းငံ့ခံထားရသူ၏ ကျန်ရှိနေသေးသည့် ပြစ်ဒဏ်အစိတ်အပိုင်းကို ကျခံရန် စစ်ဘက်အကျဉ်းထောင်သို့ ပို့ရမည်ဟု အမိန့်ထုတ်နိုင်သည်။

၁၁၉။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌက ပြစ်ဒဏ်ဆိုင်းငံ့ခံထားရသူ၏အမှုကို ပြန်လည်စိစစ်ရာတွင် ပြစ်မှုထင်ရှားစီရင်ပြီးသည့်အချိန်မှစ၍ ပြစ်မှုကျူးလွန်သူ၏ အပြုအမူသည် ပြစ်ဒဏ်ချမှတ်ချက်ကို လွှတ်ငြိမ်းသက်သာခွင့် ပြုထိုက်လောက်သည်အထိ ကောင်းမွန်လာသည်ဟု ယူဆလျှင် ပြစ်ဒဏ်လွှတ်ငြိမ်းသက်သာခွင့်အမိန့်ကို ပုဒ်မ ၁၁၃(ခ)နှင့်အညီ ထုတ်ဆင့်နိုင်သည်။

၁၂၀။ (က) ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ် ချမှတ်ခဲ့သည့် ပြစ်ဒဏ်ကို ပုဒ်မ ၁၁၅ အရ ဆိုင်းငံ့ထားစဉ် ပြစ်ဒဏ်ဆိုင်းငံ့ခံထားရသူသည် အခြားပြစ်မှုတစ်ခုခုကို ထပ်မံကျူးလွန်လျှင် မူလပြစ်ဒဏ် ဆိုင်းငံ့ထားခြင်းကို ရပ်ဆိုင်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ မူလပြစ်ဒဏ်ဆိုင်းငံ့ထားခြင်းကို ရပ်ဆိုင်းခြင်းခံရသည့် တရားခံသည် ကျန်ရှိနေသည့် ပြစ်ဒဏ်များကို ဆက်လက်ကျခံရမည်။

(ဂ) မူလပြစ်ဒဏ်ဆိုင်းငံ့ထားစဉ် ထပ်မံကျူးလွန်သည့် ပြစ်မှုအား စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်လျှင် နောက်ထပ် ပြစ်ဒဏ်ချမှတ်ချက်ကို ဆိုင်းငံ့ခဲ့သည့် ပြစ်ဒဏ်နှင့် သီးခြားစီ ကျခံစေရမည်။

## အခန်း (၁၉)
## အထွေထွေ

၁၂၁။ ကရင်နီပြည်တပ်၏ အသုံးစရိတ်(ဘတ်ဂျက်)ကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ကရင်နီပြည်ကြားကာလလွှတ်တော်သို့တင်သွင်း၍ လွှတ်တော်၏အတည်ပြုချက်ဖြင့် သုံးစွဲရမည်။

၁၂၂။ မည်သူ့ကိုမျှ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကျား၊ မ၊ လိင်စိတ်ခံယူမှုကွဲပြားမှု၊ အိမ်ထောင်ရေး အခြေအနေအပေါ်အခြေခံ၍ ကရင်နီပြည်တပ်တွင် တပ်သားသစ်စုဆောင်းခြင်း၊ စာရင်းသွင်းခြင်း၊ တာဝန်ထမ်းဆောင်ခြင်း သို့တည်းမဟုတ် ရာထူးတိုးမြှင့်ခြင်းတို့ကို ငြင်းပယ်ခြင်းမပြုရ။ ရာထူးတိုးမြှင့်ခြင်းကို အရည်အချင်းနှင့် စွမ်းဆောင်ရည်အပေါ်အခြေခံ၍ ဆောင်ရွက်ရမည်။

၁၂၃။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် ဤဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ပုဒ်မ ၄၁ မှ ၄၆ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ထိုသူကိုသက်ဆိုင်ရာပြဋ္ဌာန်းဥပဒေများနှင့်အညီ အရေးယူရမည်။

၁၂၄။ ဤဥပဒေကို လိုက်နာရသူတစ်ဦးဦးအား စစ်တရားရုံးက ထောင်ဒဏ်ချမှတ်သည့်အပြင် တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည့်ပြစ်ဒဏ် ချမှတ်လျှင် ပြစ်ဒဏ်ဆောင်ရွက်ပြီးသည်အထိ ထိုသူသည် ဤဥပဒေကို လိုက်နာရသူအဖြစ်မှတ်ယူရမည်။

၁၂၅။ ကာကွယ်ရေးဌာနသည် တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုခြင်းနှင့် ဆုတံဆိပ်ချီးမြှင့်ခြင်းများကို နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက်နိုင်သည်။

၁၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကာကွယ်ရေးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ကာကွယ်ရေးဌာန သို့တည်းမဟုတ် စစ်ဦးစီးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

---

ကရင်နီပြည် ကြားကာလအစီအမံအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ခူဦးရယ်
ဥက္ကဋ္ဌ
ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ